ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်၊ တနင်္ဂနွေနေ့၊ (29-8-2010) (၆၅၀၅)

နိုင်ငံရေး ဦးတည်ချက် (၄) ရပ်	စီးပွားရေး ဦးတည်ချက်(၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး * ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး * ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး * အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် ရခိုင်ပြည်နယ်ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၈

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ဩဂုတ် ၉ ရက် နံနက် ၉ နာရီတွင် စစ်တွေမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး၊ ကော်မရှင်အဖွဲ့ဝင် ဦးမောင်သာလှနှင့် ဦးမြင့်နိုင်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက အမှာစကားပြောကြားသည်။

ယင်းနောက် ရခိုင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအောင်မြနှင့် အတွင်းရေးမှူး ဦးကျော်မြင့်တို့က ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လည်းကောင်း၊ ခရိုင်နှင့် မြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများက မိမိတို့ခရိုင်၊မြို့နယ်အလိုက် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးက ရှင်းလင်းပြောကြားပြီး နိဂုံးချုပ်အမှာစကား ပြောကြားကာ တွေ့ဆုံပွဲအခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လာရောက်လေ့လာကြည့်ရှုသင့်သည့် ထိုင်းနိုင်ငံထုတ် ကုန်ပစ္စည်းများပြပွဲ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ကိုအောင် | အဆင်အပြင် - ကျော်စွာလင်း

The First Yangon International Products Showcase 2010 ပြပွဲကို ထိုင်းနိုင်ငံရှိ Ministry of Commerce, Department of Export Promotion ရဲ့ ပံ့ပိုးကူညီမှုဖြင့် ရန်ကုန်မြို့ရှိ Royal Thai Embassy နှင့် မြန်မာနိုင်ငံမှ Myanmar Inforithm-Maze Co., Ltd. တို့ ပူးပေါင်းစီစဉ်မှုဖြင့် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဩဂုတ် ၂၇ ရက်မှ ၂၉ ရက်အထိ သုံးရက်တိုင် ခင်းကျင်းပြသလျက်ရှိတယ်။ **စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**

The First Yangon International Products Showcase 2010 ပြပွဲမုခ်ဦးကို ဤသို့ တွေ့ရစဉ်။

The First Yangon International Products Showcase 2010 ပြပွဲတွင် လာရောက်ကြည့်ရှုလေ့လာဝယ်ယူသူများဖြင့် စည်ကားလျက်ရှိစဉ်။

ပျဉ်းမနား အရှေ့ဘက် ပေါင်းလောင်းမြစ်အတွင်း စီးဝင်သော နန်ချိုချောင်းပေါ်တွင် ရေအားလျှပ်စစ်ဓာတ်အားပေးစီမံကိန်း တည်ဆောက်နေ။ စာမျက်နှာ - ၈



ဟသ်ာတခရိုင် အင်္ဂပူမြို့နယ် ကညင်ချောင်းပေါ်တွင် လယ်မြေဧက ၂၅၀၀၀ စိုက်ပျိုးရေပေးဝေမည့် ကညင်ရေလှောင်တမံ။ စာမျက်နှာ - ၃



မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့တွင် CDMA-450 စနစ် ဖွင့်လှစ်၊ မြို့ပေါ်နှင့် ကျေးရွာများပါ ဆက်သွယ်မှုလွယ်ကူ။ စာမျက်နှာ - ၂

ကမ္ဘောဇနှင့် လက်ရှိချန်ပီယံ ရတနာပုံတို့ အိမ်ကွင်း၌ ဂိုးပြတ်အနိုင်ရ။ စာမျက်နှာ - ၁၁

The Mirror
၂၉-၈-၂၀၁၀
(တနင်္ဂနွေနေ့)

တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစဉ်အလာ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးမှုများ ဝေဆာ

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ပေါ်ထွန်းရေးသည် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။ နိုင်ငံတော်အစိုးရက နိုင်ငံအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ စီးပွားရေးအခြေခံ အဆောက်အအုံများ တောင့်တင်းခိုင်မာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ရှေးရှုဖော်ဆောင်နေသည်။

ပြည်သူအများ မျှော်မှန်းတောင့်တနေကြသည့် နိုင်ငံတော်သစ်တည်ဆောက်ရေးလုပ်ငန်းစဉ်သည် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလ သုံးပါးစလုံးဆက်စပ်၍ စဉ်ဆက်မပြတ် ကြိုးပမ်းရသည့် လုပ်ငန်းစဉ်ဖြစ်သည်။ တစ်မျိုးသားလုံးနှင့်သက်ဆိုင်သဖြင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးက မှန်ကန်သည့်အသိတရား၊ စစ်မှန်သည့် မျိုးချစ်စိတ်ဓာတ်တို့ဖြင့် ဝိုင်းဝန်းဆောင်ရွက်ကြရမည့် အမျိုးသားရေးတာဝန်ဖြစ်သည်။

အနာဂတ်နိုင်ငံတော်သစ်ကို ပုံဖော်တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းရေးသည် အဓိကလိုအပ်ချက် တစ်ခုဖြစ်သည်။ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တို့၏ လက်တွဲညီညွတ်မှု၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု အစဉ်အလာကောင်းများနှင့်အညီ လက်တွေ့အကောင်အထည်ဖော်နိုင်မှုများကြောင့် တည်ငြိမ်အေးချမ်းမှုများ နိုင်ငံတစ်ဝန်း လွှမ်းခြုံဖြစ်ထွန်းနေပြီ။ ဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်ကောင်းများ ရရှိခံစားနေကြပြီဖြစ်သည်။

ဒေသအားလုံး၌ ငြိမ်းချမ်းသာယာမှုများ ဖြန့်ကြက်ဖြစ်ထွန်းလာလျက်ရှိရာ နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဖော်ဆောင်နိုင်လျက်ရှိသည်။ နယ်မြေဒေသတစ်ခုချင်းမှသည် ပြည်ထောင်စု တစ်ဝန်းလုံး ဟန်ချက်ညီညီဖွံ့ဖြိုးလာစေရေးအတွက်အခြေခံလိုအပ်ချက်များကို စီမံဖြည့်ဆည်းပေးနေပြီ။ စီမံကိန်းလုပ်ငန်းများစွာကို အကောင်အထည်ဖော်လျက်ရှိသည်။ အချို့စီမံကိန်းများပြီးစီးနေပြီ။ ဖွံ့ဖြိုးတိုးတက်မှု၏ ရလဒ်များကို တွေ့မြင်နေရပြီ။

ကရင်ပြည်နယ် ပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် တက္ကသိုလ်၊ ကောလိပ်နှင့် သက်မွေးဝမ်းကျောင်းပညာ သင်ကျောင်းများနှင့် စာကြည့်တိုက် ၁၅၀၀ခန့်ကို ဖွင့်လှစ်ပေးထားပြီ။ ပေ ၁၈၀ အထက်တံတား ၁၆ စင်း၊ ပေ ၁၈၀ အောက်တံတား ၂၇၄စင်း၊ ကတ္တရာလမ်း ၁၄၄မိုင် အပါအဝင်ကားလမ်း ၂၇၁ မိုင်တို့ကို တည်ဆောက်ဖောက်လုပ်ပေးနိုင်ပြီ။ ဖွံ့ဖြိုးတိုးတက်မှု၏မြင်ကွင်းအချို့ဖြစ်သည်။ ဥပဒေဘောင်အတွင်းဝင်ရောက်လာခဲ့သည့် တိုင်းရင်းသားအဖွဲ့အစည်းများကလည်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ လက်တွဲကြိုးပမ်းနေကြပြီ။

တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအနေဖြင့် စည်းလုံးညီညွတ်မှု၊ စိတ်ဓာတ်ကောင်း၊ အခြေခံကောင်း၊ အစဉ်အလာကောင်းများနှင့်အတူ တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်မှုများကို ဆက်လက်ထိန်းသိမ်းရင်း နိုင်ငံတော်သစ် တည်ဆောက်ရေးတွင် တက်ညီလက်ညီ ပါဝင်ကြိုးပမ်းသွားကြရမည်ဖြစ်ပါသည်။ ။

ဘီးလင်းမြို့နယ်အသင်း(ရန်ကုန်)၏ အကြိမ်(၃၀)မြောက် နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို စမ်းချောင်းမြို့နယ်ရှိ ဘီးလင်းတိုက်သစ်ကျောင်း၌ ကျင်းပရာ ဒေါက်တာစိုးမြင့်အောင်(လက်ရွေးစင်ဘောလုံးသမားဟောင်း) အားရည်စူး၍ (၂၅)နှစ်မြောက်အလှူအဖြစ် ဘီးလင်းမြို့နယ်အသင်း ပညာရေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀ သိန်းကို ဒေါက်တာသိန်းမြင့်အောင်က အသင်းဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးခင်စိုး(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (၀၄)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေါက်မြို့ CDMA-450 စနစ် ဖွင့်ပွဲအခမ်းအနား ဒုတိယဝန်ကြီး ဦးသိန်းထွန်း တက်ရောက်

နေပြည်တော် ဩဂုတ် ၂၈

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပေါက်မြို့ CDMA-450 စနစ် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၂၁ရက်တွင် အဆိုပါ ဆက်သွယ်ရေးစခန်းသစ်၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းထွန်းနှင့် စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းတို့ တက်ရောက်ကြပြီး ခရိုင်ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့်အတူ CDMA-450စနစ်ဆက်သွယ်ရေး စခန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးသိန်းထွန်းနှင့်အဖွဲ့သည် ဆက်သွယ်ရေးခန်းသစ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး အဝေးဆက်သွယ်မှုများကို စမ်းသပ်ခေါ်ဆိုခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် တာဝန်ရှိသူများအား တပ်ဆင်ထားသည့် တန်ဖိုးကြီးစက်ပစ္စည်းများ ရေရှည်အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် စနစ်တကျ ပြုပြင်ထိန်းသိမ်းသွားရန်နှင့် ဆက်သွယ်မှုများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

ဆက်သွယ်ပြောဆိုနိုင်

ယခုကဲ့သို့ ပေါက်မြို့တွင် CDMA-450 စနစ် ဆက်သွယ်ရေးစခန်းသစ်ကို ဖွင့်လှစ်ခဲ့သည့်အတွက် မြိုင်မြို့၊ပခုက္ကူမြို့၊ ရေစကြိုမြို့၊ ပေါက်မြို့နှင့် ကမ္မမြို့များတွင် မြို့ပေါ်များတွင်သာမက ကျေးရွာများအထိပါ ဆက်သွယ်မှုများ ကောင်းမွန်စွာရရှိနေပြီဖြစ်သည့်အတွက် ဒေသခံပြည်သူများအနေဖြင့် စိတ်အေးချမ်းသာစွာ ဆက်သွယ်ပြောဆိုနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပေါက်မြို့ အော်တိုအိတ်ချိန်းသို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အဝေးဆက်သွယ်မှုများ ကောင်းမွန်စေရေးနှင့် အိတ်ချိန်းစက်ပစ္စည်းများ စနစ်တကျထိန်းသိမ်းကြီးကြပ် ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဖဲကြိုးဖြတ် ဖွင့်လှစ်

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းထွန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းနှင့် ခရိုင်ဥက္ကဋ္ဌ ဦးလွင်ကိုဦးတို့က CDMA-450 စနစ် ဆက်သွယ်ရေးစခန်းသစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။

(ဆက်သွယ်ရေး)

ကုန်သည်/စက်မှုအသင်းချုပ်နှင့် အိန္ဒိယဆွေးနွေး

ရန်ကုန် ဩဂုတ် ၂၈

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာ မောင်မောင်လေးအား ဩဂုတ် ၁၈ ရက် နံနက်က မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ Mr. Mayank Joshi, Second Secretary (Commercial) လာရောက် တွေ့ဆုံပြီး စက်တင်ဘာ ၁၃ ရက်တွင် အသင်းချုပ်၌ ပူးပေါင်းကျင်းပရန်ကိစ္စတို့ကို ဆွေးနွေးသည်။**(အောက်ပုံ)**

အိန္ဒိယစီးပွားရေး လုပ်ငန်းရှင်များ ဆွေးနွေးပွဲသို့ တက်ရောက်ရန် စိတ်ဝင်စားသော မြန်မာစီးပွားရေး လုပ်ငန်းရှင်များသည် UMFCCI သို့ အမည်စာရင်းပေးသွင်းနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက ဖုန်း-၂၁၄၃၄၄၊ ၂၁၄၃၄၉ UMFCCI ရှိ နိုင်ငံတကာ ဆက်ဆံရေးဌာနသို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်းဆင်း အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၂၈

အလယ်အလတ်အဆင့် အရာထမ်း စီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ်(၁၅) သင်တန်းဆင်း အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ကေတုမတီခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဦးဝင်းမောင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး ထူးချွန်ဆုရရှိသူများအား ဆုချီးမြှင့်ကာ သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသားကိုယ်စားလှယ်တစ်ဦးအား ပေးအပ်သည်။

အဆိုပါသင်တန်းသို့ဝန်ကြီးဌာနအသီးသီးမှ သင်တန်းသား၆၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပျဉ်းမနားမြို့နယ်၌ ယာဉ်/လမ်းစည်းကမ်း ပညာပေးဟောပြော

နေပြည်တော် ဩဂုတ် ၂၈

နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီကကြီးမှူး၍ နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောပွဲကို ဩဂုတ်၂၆ ရက် မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ခရိုင် ပျဉ်းမနားမြို့နယ် ပျဉ်းမနားဟောင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းမြင့်၊ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၃၅၅ ဦး တက်ရောက်ကြသည်။

နေပြည်တော် ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ရဲအုပ်မင်းသိုက်ထိုက်က အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းရေးနည်းစနစ်အရ ပညာပေးခြင်း၊ အင်ဂျင်နီယာနည်းစနစ်အရ လမ်းပိုင်းဆိုင်ရာများ ပြုပြင်ပေးပြီးဖြစ်၍ လမ်းအသုံးပြုသူတိုင်း လိုက်နာကြစေရန် လမ်းများပေါ်တွင် ဆေးရေးအမှတ်အသားများ၊ အန္တရာယ်သတိပေး တားမြစ်၊ ကန့်သတ်ချက်၊ အမိန့်ပေးလမ်းညွှန်များ စိုက်ထူပေးခဲ့သော်လည်းသိရှိလိုက်နာမှုမရှိကြသဖြင့် ဩဂုတ်၂၃ရက်အထိ နေပြည်တော်ခရိုင်အတွင်း ယာဉ်မတော်တဆမှု ၂၀၇မှု၊ ဒဏ်ရာရသူ၃၃၁ဦး၊ သေဆုံးသူ ၁၀၈ ဦးရှိခဲ့ရာ စစ်ဆေးအရေးယူမှုများကိုလည်း စဉ်ဆက်မပြတ် ဆောင်ရွက်နေရကြောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ သိရှိလိုက်နာကြလျှင် ယာဉ်အန္တရာယ်မှ ကင်းဝေးကြမည်ဖြစ်ကြောင်း ဟောပြောဆွေးနွေးကာ ယာဉ်တိုက်မှုသာဓကများ၊ ပညာပေးဇာတ်လမ်းတိုများကို ပရိုဂျက်တာပါဝါပွိုင့်ဖြင့် ပြသ၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကညင်ရေလှောင်တမံစီမံကိန်း ဝန်ကြီး ဦးဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၈

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦးသည် ဟင်္သာတခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ၊ စိုက်ပျိုးရေးညှိနှိုင်းမှု ကော်မတီဝင်များနှင့်အတူ ဩဂုတ် ၂၄ရက် မွန်းလွဲ ၂ နာရီတွင် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ်၌ ဆည်မြောင်းဦးစီးဌာနက တည်ဆောက်နေသည့် ကညင်ရေလှောင်တမံစီမံကိန်းသို့ရောက်ရှိပြီး ပင်မတမံ ရေထုတ်ပြွန်နှင့် ရေပိုလွှဲတည်ဆောက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဝန်ကြီးအား စီမံကိန်း ရှင်းလင်းဆောင်၌ ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က ကညင်ရေလှောင်တမံစီမံကိန်းတွင် အဓိကလုပ်ငန်းများဖြစ်သည့် ပင်မတမံ တည်ဆောက်မှု၊ ရေထုတ်ပြွန်၊ ရေပိုလွှဲ တည်ဆောက်မှုနှင့် ဆည်ရေသောက်စနစ် တည်ဆောက်မှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဝန်ကြီးက လုပ်ငန်းဆိုင်ရာများမှာကြားပြီး ရှင်းလင်းဆောင်ရှုရပ်မှ နေ၍ စီမံကိန်းလုပ်ငန်းများအား စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုနှင့် ကညင်ချောင်းအတွင်းရှိ ကျောက်များ စုဆောင်းနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ပင်မတမံသည် မြေသားတမံအမျိုးအစား ဖြစ်ကာ တမံအမြင့် ၁၉၄ ပေ၊ တမံ အလျား ပေ ၃၇၅၀၊ ကုန်းကျောတမံများ အလျားပေ ၂၈၅၀ ရှိသည်။ ယခုအခါ တမံမြေကြီးလုပ်ငန်း ပြီးစီးမှု ၇၃ရာခိုင်နှုန်း ပြီးစီးပြီဖြစ်သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဦးဌေးဦး ကညင်ရေလှောင်တမံစီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (လယ်/ဆည်)

ဆက်လက်၍ဝန်ကြီးသည် ရေထုတ်ပြွန် တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ရေထုတ်ပြွန်အမျိုးအစားမှာ ဖိအားမြင့်သံမဏိပိုက်ဖြစ်ပြီး အလျား ၉၃၈ ပေရှိသည်။ ရေထုတ်ပြွန်လုပ်ငန်းမှာ ယခုအခါ မြေကြီးလုပ်ငန်း ၅၆ ရာခိုင်နှုန်းနှင့် ကွန်ကရစ်လုပ်ငန်း ၁၄ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

ယင်းနောက် ဝန်ကြီးသည် ရေပိုလွှဲ တည်ဆောက်မှုလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။ ရေပိုလွှဲမှာ အကျယ်ပေ ၂၅၀၊ အလျား ၉၉၁ ပေရှိပြီး ယခုအခါ မြေကြီးလုပ်ငန်း ၆၁ ရာခိုင်နှုန်းနှင့် ကွန်ကရစ်လုပ်ငန်း ရာနှုန်းပြည့်ပြီးစီးနေ ပြီဖြစ်သည်။ စီမံကိန်းတစ်ခုလုံး၏ ပြီးစီးမှုရာခိုင်နှုန်းမှာ ၆၁ရာခိုင်နှုန်းဖြစ်သည်။

ကညင်ရေလှောင်တမံသည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ကညင်ချောင်းပေါ်တွင် တည်ဆောက်လျက်ရှိပြီး လယ်မြေဧက ၂၅၀၀၀ ခန့်ကို ဆည်ရေပေးဝေ စိုက်ပျိုးနိုင်မည် ဖြစ်ကာ ရေအားလျှပ်စစ် ၄.၅မီဂါဝပ် ထုတ်လွှတ်၍ ပတ်ဝန်းကျင်ဒေသ ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုမည့် စီမံကိန်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းဆင်း

နေပြည်တော် ဩဂုတ် ၂၈

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးစန်းလွင် တက်ရောက်၍ သင်တန်းဆင်းအမှာစကားပြောကြားပြီး သင်တန်းတွင် ပထမဆုရ ရေစကြိုမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အကြီးတန်းစာရေး ဒေါ်အိသူဇာမြင့်၊ ဒုတိယဆုရ ချမ်းအေးသာစံမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အငယ်တန်းစာရေး ဒေါ်ဇင်ဇင်ကျော်နှင့် တတိယဆုရ စလင်းမြို့နယ် အခွန်ဦးစီးဌာနမှူးရုံးမှ အငယ်တန်းစာရေး ဦးအောင်အောင်တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ အောင်ဘာလေသိန်းဆုဌာနခွဲ (အထက်မြန်မာပြည်) မှ ဒုတိယညွှန်ကြားရေးမှူး ဦးလှမျိုးအောင်၊ မန္တလေးတိုင်းဒေသကြီး ပြည်တွင်းအခွန်များဦးစီးဌာန တိုင်းဦးစီးမှူး ဦးကျော်ဇေယျနှင့် လက်ထောက်ညွှန်ကြားရေးမှူးများ၊ မြို့နယ်ဦးစီးမှူးများနှင့် ဦးစီးအရာရှိများ၊ သင်တန်းနည်းပြ ဆရာ၊ ဆရာမများနှင့် သင်တန်းသား ၄၀ တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ် ကြာမြင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၃၃) ထွက်ရှိ

ရန်ကုန် ဩဂုတ် ၂၈

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၆)၊ အမှတ်(၃၃)တွင် အခြေခံပညာအထက်တန်းအဆင့်ရှိသူများ အဲပုဂံတွင် လေယာဉ်မောင်မယ်ဖြစ်နိုင်ပြီ၊ ဂျပန်ကားကုမ္ပဏီကြီးနစ်ဆန်း မြန်မာနိုင်ငံတွင်ကားထုတ်ရန် အထူးစိတ်ဝင်စားနေ၊ အခွန်ဆောင်ပြီးတံဆိပ်ကို အလွဲသုံးစားပြုလုပ်က အရေးယူမည်၊ ကောင်းကင်မှ ထူးဆန်းသော အလင်းတန်းကြီးတစ်ခု မရမ်းကုန်းတွင်ကျရောက်ခဲ့၊ ဝမ်းတွင်း၊ သဲတော၊ မလှိုင်နှင့် နွားထိုးကြီးတို့တွင် ရေတွေကြီး၊ လူ့အညစ်အကြေးနဲ့ ဇီဝဓာတ်ငွေ့ထုတ်ကြမလား၊ ရွှေတိဂုံစေတီရင်ပြင်ရှိ တန်ဆောင်းတစ်ခုအား ဖူးမြော်ခွင့်ယာယီပိတ်မည်၊ ထိုင်း ကုန်ပစ္စည်းများ ပြတ်တောက်မည်လား၊ မြန်မာ-ဘင်္ဂလားဒေ့ရှ် တိုက်ရိုက်ဘဏ်စနစ် ထူထောင်ရန်ရှိ၊ မီးရထားနှင့် ရေယာဉ်များတွင်အသုံးပြုရန် မြင်းကောင်ရေ ၂၂၀၀ ရှိ အင်ဂျင်ကြီးများ တရုတ်နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံတွင်ထုတ်မည် စသည့် ပြည်တွင်းရေးရာသတင်းများနှင့်အတူ မလေးရှားရောက်ဒုက္ခသည်များ Myanmar CHANNEL၊ သမုဒ္ဒရာဂြိုဟ်ကမ္ဘာကို မွေးဖွားခြင်း၊ ခမ္မစေတီခေါင်းလောင်းတော်ကြီးနှင့် အထွေထွေအရပ်ရပ် အထောက်အထား Myanmar DISCOVERY၊ ၊အထပ်မြင့်အဆောက်အအုံများ လျှပ်စစ်နှင့် မီးဘေးကာကွယ်မှုသတိပြုရန် (၂၁)ချက်၊ အပြစ်မရှိတဲ့ အပျော်တွေ ကူးစက်ကြစေချင် ကဲ့သို့သော ဖတ်စရာမှတ်စရာ ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

" အင်တာနက်ခေတ်မှာ ပူးပေါင်းဆောင်ရွက်ခြင်းက အဓိက " စီးပွားရေးလုပ်ငန်းဆိုင်ရာ တွေးခေါ်မြော်မြင်သူ ဒွန်တက်စကော့နှင့် THE STRAITS TIMES သတင်းစာတို့ တွေ့ဆုံမေးမြန်းခြင်း နိုင်ငံတကာ အင်တာဗျူးဆောင်းပါးနှင့်အတူ အာရှအတွက် ပြင်းထန်သောရာသီဥတုခန့်မှန်းချက်များ ထွက်ပေါ်လာ၊ စင်ကာပူမှ တရုတ်အထိ တောက်လျှောက်မီးရထားလမ်း ဖောက်လုပ်ရေးပထမအဆင့် နီးစပ်မှုရှိလာ၊ မြောက်ကိုးရီးယား တိုက်လေယာဉ်တစ်စီး တရုတ်နိုင်ငံအတွင်း ပျက်ကျ၊ အမေရိကန်လူမျိုး အိုဘားမားအား မူဆလင်တစ်ဦးအဖြစ် ပိုမိုထင်မြင်လာကြ၊ ဂျူးတွေကို မုန်းတဲ့ ဟစ်တလာ ဂျူးမျိုးနွယ်က ဆင်းသက်လာ၊ ထိုင်းရဲတပ်ဖွဲ့ဝင်တို့၏ ကပြမှုက You Tube ပွဲကြည့်ပရိသတ်ကို ဆွဲဆောင်မှုပြု၊ ဂျိမ်းစ်ဘွန်း ရေငုပ်သင်္ဘောလာပြီ၊ ကမ္ဘောဒီးယားက နျူကလီးယားနည်းပညာလေ့လာနေ၊ ဖိလစ်ပိုင်တွင် တရားခံကိုနှိပ်စက်သည့် ရဲအရာရှိ ၂၀ ရာထူးချခံရ၊ နိုဂရီးလူမျိုး ၇ ဒသမ ၃ သန်းအငတ်ဘေးရင်ဆိုင်နေရ စသည့် နိုင်ငံတကာသတင်းများ၊ သတင်းဓာတ်ပုံများ၊ ကျန်းမာရေး၊ ဖျော်ဖြေရေးကဏ္ဍများ စုံလင်စွာဖြင့် e-Empire Media House မှ မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။

(သတင်းစဉ်)

ညွှန်ကြားရေးမှူးချုပ်(ကိုယ်စား) ကုန်သွယ်လုပ်ငန်းခွန်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးစန်းလွင် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန ကွန်ပျူတာအခြေခံသင်တန်းအမှတ်စဉ်(၁၇) သင်တန်းဆင်းပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

LOLANE အလှကုန်ပစ္စည်းများ အပြည်ပြည်ဆိုင်ရာ ထုတ်ကုန်ပစ္စည်းပြပွဲ၌ ပါဝင်ပြသ

ရန်ကုန် ဩဂုတ် ၂၈

ထိုင်းပို့ကုန်မြှင့်တင်ရေးဌာန (Department of Export Promotion Thailand) ၏ ပံ့ပိုးကူညီမှုဖြင့် Inforithm-Maze က ကြီးမှူး၍ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသော 1[st] Yangon International Product Showcase 2010 ပြပွဲတွင် Grand Wynn Enterprises Ltd. က မြန်မာနိုင်ငံအတွက် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တင်သွင်းဖြန့်ချိလျက်ရှိသည့် LOLANE အမှတ်တံဆိပ် အလှကုန်ပစ္စည်းများဖြစ်သော ဆံပင်ဆိုးဆေး၊ ဆံပင်ပေါင်းတင်ဆေးနှင့် ဆံပင်ကောက်ဆေးများကို ပါဝင်ခင်းကျင်းပြသလျက်ရှိသည်။

အဆိုပါပြပွဲတွင် Thai နိုင်ငံမှ Lolane Professional Hair Technician များက Model လေးများအား 2010 Hair New Design များဖြင့် လက်တွေ့ပြင်ဆင်ပြသခဲ့ပြီး အထူး Promotion အစီအစဉ်တစ်ရပ်အနေဖြင့် ပြပွဲသို့ လာရောက်ကြည့်ရှုလေ့လာ ဝယ်ယူကြသူများအား အခမဲ့ဆံပင်ညှပ်ပေးခြင်း၊ ဆေးဆိုးပေးခြင်းနှင့် ဆံပင်ပေါင်းတင်ပေးခြင်းများ ပြုလုပ်ပေးသည်။ Entertainment Area ၌လည်း Lolane Model လေးများက သရုပ်ဖော်တင်ဆက် အလှပြသကြသည်။

Lolane က ၂၀၁၀ ခုနှစ်အတွက် အသစ်ထပ်မံ ထုတ်လုပ်လိုက်သော ဆံပင်ဖြူနေသူများအတွက် အလှပြင်ဆိုင်သွား၍ ဆံပင်ဆေးဆိုးရန် အချိန်သီးသန့်ပေးစရာမလိုဘဲ အလွယ်တကူ ခေါင်းလျှော်လိုက်ရုံဖြင့် ၄၊၅မိနစ်အတွင်း ဆံပင်ကို ပြန်လည်နက်မှောင်သွားစေသော အရည်အသွေးမြင့်မား လူကြိုက်များသည့် Lolane Nature Code Color Shampoo ကို အထူးဈေးနှုန်းဖြင့် မိတ်ဆက် ခင်းကျင်းပြသရောင်းချပေးလျက်ရှိသည်။

အရည်အသွေး မြင့်မားကောင်းမွန်ပြီး မြန်မာနိုင်ငံရာသီဥတုနှင့် အထူးသင့်လျော်သည့် Lolane နှင့် Rico & Rina Hair & Body Care Products များကို Grand Wynn Enterprises Ltd. က တင်သွင်းထုတ်လုပ် ဖြန့်ဖြူးရောင်းချလျက်ရှိရာ ကိုယ်စားလှယ်ရယူပြီး ဖြန့်ဖြူးရောင်းချလိုသည့် စီးပွားရေးလုပ်ငန်းရှင်ကြီးများအနေဖြင့် အမှတ် (၄၀) (၆၇) လမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ရှိ Grand Wynn Enterprises Ltd. ရုံးချုပ် ဖုန်း-၂၉၄၀၄၅၊ ၂၉၀၁၇၀၊ ၂၉၁၃၁၈ နှင့် ၂၉၁၃၁၉၊ Fax- ၂၉၆၉၂၈ Email-grandwyn@myanmar.com သို့ တိုက်ရိုက်ဆက်သွယ်မှာယူနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တပ်မတော်ခန်းမ၌ LOLANE အလှကုန်ပစ္စည်းများ ပါဝင်ပြသထားစဉ်။ (သတင်းစဉ်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၉-၈-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇:၀၀	၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
၇:၂၅	၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၃။ နံနက်ခင်းသတင်း
၇:၄၀	၄။ အဂ္ဂဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇:၅၀	၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၀	၆။ အတီးပြိုင်ပွဲ
၈:၁၀	၇။ တေးဂီတအစီအစဉ်
၈:၂၅	၈။ "နေပြည်တော်ရေပန်းဥယျာဉ်" (တိုးချဲ့)
၈:၄၀	၉။ International News
၈:၄၅	၁၀။ "ငှက်တစ်သောင်း"
၉:၀၀	၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀	၁။ စစ်သည်တေး
၁၁:၁၀	၂။ တေးဂီတအစီအစဉ်
၁၁:၂၀	၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
၁၁:၃၀	၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မပြယ်သောချစ်ခြင်း မနွမ်းသောမေတ္တာ" (အပိုင်း-၃၈)**
၁၂:၃၀	၅။ Golf Magazine(TV)
၁၂:၅၀	၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "မစုံဆုံမှ" (နိုင်းနိုင်း၊ ရဲအောင်၊ ရတနာခင်၊ ဂွတ္တဝင်၊ မေသန်းနု၊ ချိုပြုံး) [ဒါရိုက်တာ-မောင်မောင်ဦး(စနိုးဝှိုက်)]**
၂:၃၅	၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၂:၄၀	၈။ အတီးပြိုင်ပွဲ
၂:၅၀	၉။ International News
၃:၀၀	၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၃:၄၅	၁။ Myanmar National League MNL (2010) ဘောလုံးပြိုင်ပွဲတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ် (ရန်ကုန်ယူနိုက်တက်F.C နှင့် Southern Myanmar F.C)
၅:၄၅	၂။ တေးဂီတအစီအစဉ်
၆:၀၀	၃။ ညနေခင်းသတင်း
၆:၁၅	၄။ မိုးလေဝသအခြေအနေ
၆:၂၀	၅။ ကာတွန်းအစီအစဉ် "BUGS' ADVENTURES" (အပိုင်း-၂၆)
၆:၃၅	၆။ တစ်မျက်နှာတစ်ကွက်စာ **"စံပယ်မျက်ဝန်း"(ဒုတိယပိုင်း) (ဇင်မင်းခန့်၊ ရန်နိုင်၊ သီရိရှင်းသန့်) [ဒါရိုက်တာ-မေတင်(MMG)]**
၇:၀၀	၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အတိတ်ရဲ့ပုံရိပ်" (အပိုင်း-၁၀)**
၈:၀၀	၈။ ပြည်တွင်းသတင်း
	၉။ နိုင်ငံတကာသတင်းများ
	၁၀။ မိုးလေဝသအခြေအနေ
	၁၁။ အောင်မြင်ပါစေမြန်မာပြည် (Lလွန်းဝါနှင့်အဖွဲ့၊ သရုပ်ဆောင်-ကောင်းဆက်ထူးနှင့်အဖွဲ့၊ တေးရေး-ကိုင်ဇာ)
	၁၂။ **ကာတွန်းအစီအစဉ် "တောကောင်ငယ် သိုင်းညီနောင်လေးများ" (အပိုင်း-၅၅)**
	၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရေဆုံးမြေဆုံး" (အပိုင်း-၁၆)**
	၁၄။ အစီအစဉ်ပြီး၏။

နိုင်ငံတကာသတင်းများ

ဖမ်းဆီးခံထားရသောစစ်သွေးကြွများက ပါကစ္စတန်အစောင့်နှစ်ဦးကို ဖမ်းဆီးကာ ဓားစာခံလုပ်

အစ္စလာမ္မာဘတ် ဩဂုတ် ၂၈ ။ ။ ပါကစ္စတန် အနောက်မြောက်ပိုင်း ပက်ရှ်ဝါမြို့ရှိ အမေရိကန်ကောင်စစ်ဝန်ရုံးအနီး အဆောက်အအုံတစ်ခုတွင် ဩဂုတ် ၂၈ ရက်က ဖမ်းဆီးခံထားရသော အစ္စလာမ္မစ် စစ်သွေးကြွများကို စစ်ဆေးမေးမြန်းမှုများ ပြုလုပ်နေစဉ် ယင်းစစ်သွေးကြွများက အစောင့်များထံမှ လက်နက်များကို သိမ်းယူကာ ယင်းအစောင့်များကိုပင် ဓားစာခံအဖြစ်ပြန်လည်အသုံးချခဲ့ကြောင်း ပါကစ္စတန် အာဏာပိုင်များ ကပြောကြားသည်။

တိုက်ပွဲဖြစ်ပွားပြီးနောက် ပက်ရှ်ဝါတွင် ကင်းလှည့်နေသော ပါကစ္စတန်လုံခြုံရေး တပ်ဖွဲ့ဝင်များ။ *(ဓာတ်ပုံ-ဆင်ဟွာ)*

ယင်းနောက် အစောင့်များကို ဓားစာခံလုပ်ထားသော စစ်သွေးကြွများနှင့် လုံခြုံ ရေးတပ်ဖွဲ့ဝင်များအကြား ခုနစ်နာရီကြာမျှ တိုက်ပွဲဖြစ်ပွားခဲ့ကြောင်းသိရသည်။

နာရီပေါင်းများစွာ ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွများအကြား တိုက်ပွဲဖြစ်ပွားပြီးနောက် စစ်သွေးကြွများက ဓားစာခံနှစ်ဦးကို ပြန်လွှတ်ပေးခဲ့ပြီး လက်နက်ချအညံ့ခံခဲ့ကြောင်း ပါကစ္စတန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ပါကစ္စတန် အာဏာပိုင်များက စောစောပိုင်းတွင် ထုတ်ပြန်ခဲ့သော သတင်းများတွင် စစ်သွေးကြွများကို စစ်ဆေးမေးမြန်းမှုများ ပြုလုပ်နေသော ပက်ရှ်ဝါမြို့ရှိ ပါကစ္စတန် ထောက်လှမ်းရေးဌာန အဆောက်အအုံပြင်ပတွင် တိုက်ပွဲများ ဖြစ်ပွားခဲ့ကြောင်း ဖော်ပြထားသည်။ သို့ရာတွင် နောက်ပိုင်း၌ ယင်းအဆောက်အအုံ၏ ပြင်ပ၌ တိုက်ပွဲဖြစ်ပွားခြင်းမဟုတ်ဘဲ အတွင်းပိုင်း၌သာ ဖြစ်ပွားခြင်းဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

တိုက်ခိုက်မှုများ ပြီးဆုံးပြီးနောက် ထောက်လှမ်းရေးဌာန တည်ရှိရာ ဒေသတစ်ဝိုက်ကို ပါကစ္စတန်တပ်ဖွဲ့ဝင်များက ဝန်းရံပိတ်ဆို့ထားကြောင်း သိရသည်။ ***အမ်အင်အေ၊ ရိုက်တာ။***

တစ္ဆေရထား စောင့်ကြည့်သူများ ရထားတိုက်ခံရ၍ တစ်ဦးသေဆုံး

စတိတ်ဗေးလ် ဩဂုတ် ၂၈

၁၈၉၁ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားပြည်နယ် စတိတ်ဗေးလ်မြို့အနီးရှိ တံတားတစ်စင်းကို ဖြတ်သန်းမောင်းနှင်ခဲ့သော ရထားတစ်စီးသည်လမ်းချော်၍ တံတားအောက်သို့ထိုးကျခဲ့ရာ လိုက်ပါလာသော ခရီးသည် ၃၀ ဦးခန့် သေဆုံးခဲ့ရသည်။

ယုံတမ်းပုံပြင်

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ရထားမတော်တဆမှု ဖြစ်ပွားခဲ့သော ဩဂုတ် ၂၇ ရက်ကျရောက်တိုင်း ယင်းရထား၏ ဘီးသံများနှင့် ခရီးသည်များ၏ အော်ဟစ်သံများကို ကြားနိုင်ကြောင်း ဒေသခံများက ယုံတမ်းပုံပြင်တစ်ပုဒ်သဖွယ် ပြောကြားခဲ့သည်။

ရထားဝင်တိုက်

၂၀၁၀ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် အဆိုပါသဘာဝလွန်ဖြစ်ရပ်ဆန်းအမှန် ဟုတ်မဟုတ် လေ့လာလိုသူ ၁၂ ဦးခန့်သည် ရထား မတော်တဆမှု ဖြစ်ပွားခဲ့ရာ ရထားလမ်းပေါ်သို့ စုရုံးရောက်ရှိနေစဉ် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ အရှိန်ဖြင့် မောင်းနှင်လာသော တကယ့်ရထားတစ်စင်း ဝင်တိုက်မှုကြောင့် တစ္ဆေရထား စောင့်ကြည့်သူတစ်ဦး သေဆုံးခဲ့ရကြောင်း သိရသည်။

သေဆုံးခဲ့ရ

မျက်မြင်သက်သေတစ်ဦး၏ အဆိုအရ ရထားလာစဉ် လူအုပ်သည် ဝရုန်းသုန်းကား ရှောင်ပြေးခဲ့ကြသော်လည်း ခရစ္စတိုဖာကိုင်ဇာဆိုသူတစ်ဦး ရထားတိုက်ခံရ၍ သေဆုံးခဲ့ကြောင်း သိရသည်။

မြင်ဖူးသူမရှိ

ဒေသခံများက ယင်းတစ္ဆေရထားပုံပြင်ကို အစဉ်အဆက်ကြားဖူးနေသော်လည်း ယင်းရထားခုတ်မောင်းသံ၊ ခရီးသည်များ၏ အော်ဟစ်သံများကိုမူ မြင်ဖူးကြားဖူးသူမရှိကြောင်း ဒေသခံတစ်ဦးက ပြောကြားသည်။

အင်တာနက်။

ချီလီမိုင်းလုပ်သားအချို့ စိတ်ကျဝေဒနာ ခံစားနေရ

ဆန်တီယာဂို ဩဂုတ် ၂၈

ကြေးနီနှင့် ရွှေတူးဖော်ရေး မိုင်းတွင်း ပြိုကျမှုကြောင့် မြေအောက်အနက် ပေ ၂၃၀၀ ခန့်တွင် အသက်ရှင်လျက် ပိတ်မိနေဆဲဖြစ်သော ချီလီမိုင်းလုပ်သား ၃၃ ဦးအနက် ငါးဦးတွင် စိတ်ကျရောဂါဝေဒနာ ခံစားနေရသော လက္ခဏာများကို တွေ့ရှိရကြောင်း ဩဂုတ် ၂၈ ရက် သတင်းများတွင် ဖော်ပြသည်။

ချီလီကျန်းမာရေးဝန်ကြီး၏ အဆိုအရ အဆိုပါ မိုင်းလုပ်သားငါးဦးသည် အစာရေစာကို ကောင်းစွာစားသောက်နိုင်ခြင်း မရှိသည့်အပြင် ရုပ်သံဖြင့် မှတ်တမ်းတင်ရိုက်ကူးမှုခံယူရန်ကိုလည်း ငြင်းဆန်ခဲ့ကြောင်း သိရသည်။

စိတ်ပညာရှင်များက မြေပေါ်မှနေ၍ အင်တာကွန်စနစ်ဖြင့် အဆိုပါ မိုင်းလုပ်သားငါးဦးကို စိတ်ပိုင်းဆိုင်ရာကုသမှုများ ပြုလုပ်ပေးရန် ကြိုးစားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ပိတ်မိနေသော မိုင်းလုပ်သားများကို ကယ်တင်နိုင်ရန်အတွက် အင်ဂျင်နီယာများက စတင်လုပ်ဆောင်နေပြီဖြစ်သည်။ ၎င်းတို့ကို မြေပေါ်သို့ ပြန်လည်ကယ်ထုတ်နိုင်ရေးအတွက် အသက်ကယ်တွင်းတူးရန် စပိန်နှင့်ဩစတြေးလျနိုင်ငံတို့မှ အထူးစက်ယန္တရားကြီးများသည် ချီလီနိုင်ငံသို့ ရောက်ရှိနေပြီး ပြင်ဆင်မှုများ လုပ်ဆောင်နေပြီဖြစ်သည်။ ***အမ်အင်အေ၊ ရိုက်တာ။***

ဗြိတိန်နိုင်ငံသား အမြွှာညီနောင်နှစ်ဦးဖြစ်သော အိုင်ယန်နှင့် စတူးဝပ်တို့က ကမ္ဘာ့အကြီးဆုံး မှတ်တမ်းဝင်နိုင်ရန် ကြိုးပမ်းစိုက်ပျိုးလျက်ရှိသော ရွှေဖရုံသီးကြီးကို ဩဂုတ် ၂၇ ရက်က တွေ့ရစဉ်။ *(၎င်းသည် တစ်နေ့လျှင် ပေါင် ၃၀ ကျော်နှုန်းဖြင့် ဆက်လက်ကြီးထွားနေပြီး လက်ရှိလုံးပတ် ၁၆ ပေနှင့် အလေးချိန် ပေါင် ၁၄၀၀ ကျော် ရှိပြီဖြစ်သည်။)* ဓာတ်ပုံ-မေးလ်အွန်လိုင်း

ထိုင်းနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး၏ သမီး နယူးယောက်မြို့ ၂၅ထပ်တိုက်ပေါ်မှ ပြုတ်ကျ၍ သေဆုံး

နယူးယောက် ဩဂုတ် ၂၈

ထိုင်းနိုင်ငံဆိုင်ရာ အမေရိကန်သံ အမတ်ကြီး၏ အသက် ၁၇နှစ်အရွယ်ရှိ သမီးဖြစ်သူသည် ယမန်နေ့က နယူးယောက်မြို့ မင်ဟက်တန်ရှိ အထပ်မြင့် လူနေတိုက်ခန်းတွင် ပြတင်းပေါက် ဘောင်ပေါ်သို့တက်ရာမှ ခြေချော်ကျပြီး သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

နီကိုးလ်ဂွန်သည် ၂၅ ထပ်ရှိ ဟာရယ်လ်တာဝါ၏ အပေါ်ဆုံးထပ်မှနေ၍ တတိယထပ်အစွန်းတစ်ခုပေါ်သို့ နံနက် ၄ နာရီ ၁၅ မိနစ်ခန့်တွင် ပြုတ်ကျသွားခဲ့ ခြင်းဖြစ်ပြီး အနီးတွင် ကင်မရာတစ်လုံးကိုလည်း တွေ့ရှိရကြောင်း၊ ဓာတ်ပုံရိုက်ရန် ကြိုးပမ်းစဉ် ပြုတ်ကျသေဆုံးခြင်း ဟုတ်မဟုတ် ရှင်းရှင်းလင်းလင်း မသိရသေးကြောင်း၊ မတော်တဆမှုဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ယုံကြည်ကြောင်း ရဲမင်းကြီး ရေမွန်ကယ်လီက ပြောကြားသည်။

သေဆုံးသူ၏ ဖခင်မှာ ၂၀၀၇ခုနှစ်ကစ၍ ထိုင်းနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသူ အဲရစ်ဂွန်ဖြစ်သည်။

အေပီ။

ဗြိတိသျှလေကြောင်းလိုင်း အရေးပေါ်ကြေညာချက် မှားယွင်းထုတ်ပြန်

လန်ဒန် ဩဂုတ် ၂၈

လန်ဒန်မှ ဟောင်ကောင်သို့ ပျံသန်းနေသော ဗြိတိသျှလေကြောင်းလိုင်းခရီးစဉ်တစ်ခုအတွင်း လေယာဉ်ပျက်ကျမည့် အခြေအနေရှိကြောင်း အရေးပေါ်ကြေညာချက်ကို မှားယွင်းထုတ်ပြန်ခဲ့ခြင်းကြောင့် ခရီးသည်များကို အဆိုပါလေကြောင်းလိုင်းက ဩဂုတ် ၂၇ ရက်တွင် တောင်းပန်စကား ပြောကြားခဲ့သည်။

ဗြိတိသျှလေကြောင်းလိုင်းပိုင် ဘိုးရင်း ၇၄၇ လေယာဉ်သည် ပင်လယ်တွင်းသို့ ပျက်ကျနိုင်၍ လိုအပ်ပါက ပင်လယ်ထဲသို့ အရေးပေါ်ဆင်းသက်ရနိုင်ဖွယ်ရှိကြောင်း အရေးပေါ်ကြေညာချက်ထုတ်ပြန်ခဲ့ရာ စီးနင်းလိုက်ပါလာသူ ခရီးသည်များ ထိတ်လန့်ချောက်ချားခဲ့ရကြောင်း သတင်းများတွင် ဖော်ပြသည်။

လေယာဉ်အမှုထမ်းများက ယင်းအရေးပေါ်ကြေညာချက်သည် မှားယွင်းထုတ်လွှင့်ခဲ့ခြင်းသာဖြစ်ပြီး လေယာဉ်ခရီးစဉ်မှာ ပုံမှန်အတိုင်းချောမွေ့နေကြောင်း၊ စိုးရိမ်နေသောခရီးသည်များကို လေယာဉ်အမှုထမ်းများက ပြန်လည်ဖြေသိမ့်ပေးခဲ့ရကြောင်း လေကြောင်းလိုင်း၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အင်တာနက်။

မက္ကဆီကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှု စုံစမ်းစစ်ဆေးနေသူ ပျောက်ဆုံး ရုပ်မြင်သံကြား ထုတ်လွှင့်ရုံတစ်ရုံနှင့် ရဲစခန်းတစ်ခုတို့ ကားဗုံးခွဲတိုက်ခိုက်ခံရ

မက္ကဆီကိုစီးတီး ဩဂုတ် ၂၈ ။ ။ ယခုရက်သတ္တပတ်အတွင်း မက္ကဆီကိုမြောက်ပိုင်း၌ နိုင်ငံကူးပြောင်းသွားလာသူ ၇၂ ဦးတို့ကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးလျက် ရှိသည့် တာဝန်ရှိသူတစ်ဦး ယမန်နေ့က ပျောက်ဆုံးလျက်ရှိရာ တာမာအူလီပတ်စ်ပြည်နယ်အတွင်း ဆက်တိုက်ဖြစ်ပွားခဲ့သော ရုပ်သံလွှင့်ရုံတစ်ရုံနှင့် ရဲစခန်းတို့ကို ကားဗုံးခွဲတိုက်ခိုက်မှုများတွင် ပါဝင်သွားခြင်းဖြစ်ဖွယ်ရှိသည်ဟု သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ထိုစဉ်အတွင်း ပြည်နယ်အာဏာပိုင်များ၏ ပြောကြားချက်အရ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရသူများအနက် ၃၁ ဦးမှာ ဟွန်ဒူးရပ်စ်၊ အယ်လ်ဆာဗေဒို၊ ဂွါတီမာလာနှင့် ဘရာဇီးနိုင်ငံသားများဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့သည်ဟုဆိုသည်။

ရောဘတ်တိုဆွာရက်ဇ်အမည်ရှိ ပြည်နယ်ဥပဒေရုံးမှ စုံထောက်တစ်ဦးသည် ဆန်ဖာနန်ဒိုမြို့ပြင်တွင် ဖြစ်ပွားခဲ့သော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကို ပါဝင်စုံစမ်းထောက်လှမ်းနေစဉ် ဩဂုတ် ၂၅ ရက်နေ့ကတည်းက ပျောက်ဆုံးသွားခဲ့ခြင်း ဖြစ်ကြောင်း တာမာအူလီပတ်စ်ပြည်နယ် တာဝန်ရှိသူများက ပြောကြားပြီး ဆန်ဖာနန်ဒိုမြို့မှ ရဲအရာရှိတစ်ဦးလည်း ဩဂုတ် ၂၇ ရက်နေ့က ပျောက်ဆုံးလျက်ရှိသည်ဟု သတင်းများက ဖော်ပြခဲ့သည်။

အဆိုပါ ပျောက်ဆုံးမှုများနှင့် ကားဗုံးဖောက်ခွဲမှုများမှာ အမေရိကန် ပြည်ထောင်စု တက္ကဆက်ပြည်နယ်သို့ နယ်စပ်ဖြတ်ကျော်၍မူးယစ်ဆေးဝါးမှောင်ခိုရောင်းဝယ်သူများကြီးစိုးနေသည့် မက္ကဆီကိုနိုင်ငံ၏ တာမာအူလီပတ်စ်ပြည်နယ်တွင်တရားဥပဒေစိုးမိုးမှု ကင်းမဲ့လာနေသည့်အရိပ်လက္ခဏာ ဖြစ်ကြောင်း သတင်းများက ဆက်လက်ဖော်ပြခဲ့သည်။ ***အယ်လ်အေတိုင်းမ်။***

ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားနိုင်ဖွယ် အခြေအနေကြောင့် အီရတ်လုံခြုံရေးတပ်ဖွဲ့များ အသင့်အနေအထား ပြင်ဆင်နေ

ဘဂ္ဂဒက် ဩဂုတ် ၂၈

အီရတ်နိုင်ငံတစ်ဝန်းတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားလာနိုင်ဖွယ်ရှိရာ ဒေသန္တရအုပ်ချုပ်ရေးဌာနများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ယင်းအခြေအနေကို ကျော်လွှားနိုင်ရေးအတွက် အသင့်ပြင်ဆင်ထားရန် အီရတ်ဝန်ကြီးချုပ် နျူရီ-အယ်လ်-မာလီကီက ဩဂုတ် ၂၇ ရက်တွင် သတိပေးလိုက်သည်။

အယ်လ်ခိုင်ဒါနှင့် ပြည်ပနိုင်ငံများကို ကျောထောက်နောက်ခံ ပြုထားသော ဘာ့သ်ပါတီဝင်ဟောင်းများသည် ဘဂ္ဂဒက်မြို့နှင့် အခြားပြည်နယ်များတွင် ဗုံးခွဲတိုက်ခိုက်မှုများ လုပ်ဆောင်ရန် ကြံစည်နေသည့် အရိပ်လက္ခဏာများ တွေ့နေရကြောင်း အယ်လ်မာလီကီ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ အဓိကအားဖြင့် အီရတ်အစိုးရ၏ ရုံးဌာနများကို ပစ်မှတ်ထားကာ တိုက်ခိုက်မှုများ လုပ်ဆောင်လိမ့်မည်ဖြစ်ကြောင်း အီရတ်ဝန်ကြီးချုပ်၏ ထုတ်ပြန်ချက်တွင် ပါရှိသည်။

ဩဂုတ် ၂၅ ရက်က အီရတ်နိုင်ငံ၏ မြို့ကြီးမြို့ငယ် ၁၃ မြို့၌ ဗုံးခွဲတိုက်ခိုက်မှုပေါင်း ၂၀ မျှ ဖြစ်ပွားခဲ့ပြီး နှစ်ရက်အကြာတွင် အီရတ်ဝန်ကြီးချုပ်၏ သတိပေးချက် ပေါ်ထွက်လာခြင်းဖြစ်သည်။ အဆိုပါဗုံးခွဲ တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင်အများစုပါသော လူ ၄၈ ဦး သေဆုံးခဲ့ရပြီး ၂၈၆ ဦး ဒဏ်ရာရခဲ့သည်။

ယင်းတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်ဖွဲ့များ အီရတ်မှ ထွက်ခွာပါက ပြည်တွင်းရေးအဝဝကို တာဝန်ယူရမည့် အီရတ်လုံခြုံရေးတပ်ဖွဲ့များ၏ စွမ်းဆောင်ရည်နှင့် ပတ်သက်၍ အီရတ်ပြည်သူများအကြား စိုးရိမ်သူများ တိုးပွားလျက်ရှိသည်။

အင်တာနက်။

ခိုစ်ပြည်နယ်ရှိ နေတိုးစစ်အခြေစိုက်စခန်းကို ကောင်းကင်မှ တွေ့ရစဉ်။

အမေရိကန်စစ်ယူနီဖောင်းဝတ် အာဖဂန်စစ်သွေးကြွများ နေတိုးစစ်အခြေစိုက်စခန်းနှစ်ခုကို ဝင်ရောက်တိုက်ခိုက်

ကဘူး ဩဂုတ် ၂၈

အမေရိကန် စစ်ယူနီဖောင်းဝတ် လက်နက်ကိုင်များနှင့် အသေခံဗုံးခွဲသမားများက ပါကစ္စတန်နယ်စပ်အနီး ခိုစ်ပြည်နယ်ရှိ အကြီးဆုံးနေတိုး စစ်အခြေစိုက်စခန်းနှစ်ခုကို ယနေ့အရုဏ် မတက်က ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အမေရိကန်နှင့် အာဖဂန် တပ်ဖွဲ့ဝင်များက ပြန်လည်တွန်းလှန်တိုက်ခိုက်ခဲ့ရသည်။ အတိုက်ခံရသော စခန်းနှစ်ခုအနက် တစ်ခုမှာ ယမန်နှစ်က စီအိုင်အေဝန်ထမ်းခုနစ်ဦး အသေခံဗုံးခွဲတိုက်ခိုက်သတ်ဖြတ်ခံခဲ့ရသည့်နေရာ ဖြစ်သည်။

အဆိုပါလက်နက်ကိုင်များကို ပြန်လည်တိုက်ထုတ်နိုင်ခဲ့ကြောင်း၊ ၎င်းတို့အနက် ၂၀ ဦးကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ပြီး ငါးဦးကို ဖမ်းမိခဲ့ကြောင်း အနောက်အုပ်စုနှင့် အာဖဂန်တာဝန်ရှိသူများက ပြောကြားသည်။

မိမိတို့ တပ်ဖွဲ့ဝင်များ ထိခိုက်ဒဏ်ရာရမှုမရှိကြောင်း နေတိုးတပ်ဖွဲ့က သတင်းထုတ်ပြန်ခဲ့သော်လည်း အာဖဂန်နစ္စတန် ပြည်ထဲရေးဝန်ကြီးဌာနကမူ နေတိုးစစ်သည် နှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရခဲ့သည်ဟု ဆိုသည်။

အယ်လ်ဂျေဇီးရားအိုင်းမ်။

နီကာရာဂွါ၌ မိုးသည်းထန်စွာရွာသွန်း ၃၄ ဦးသေဆုံး

မင်နာဂွါ ဩဂုတ် ၂၈။ ။နီကာရာဂွါနိုင်ငံတွင် မေလမှစ၍ အဆက်မပြတ် မိုးသည်းထန်စွာ ရွာသွန်းခဲ့ခြင်းကြောင့် ဩဂုတ် ၂၇ ရက် အထိလူပေါင်း ၃၄ ဦးသေဆုံးခဲ့ပြီး လူပေါင်း ၈၅၀၀၀ ခန့် ရေဘေးဒဏ် ကြုံတွေ့နေရကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဩဂုတ်လအတွင်း ၂၃ ဦး သေဆုံးပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ခြောက်ဦးသေဆုံးကြောင်း နီကာရာဂွါအာဏာပိုင်များက အတည်ပြု ပြောကြားသည်။ မြောက်ပိုင်းပြည်နယ်များအကြားရှိ လမ်းများနှင့် ကောက်ပဲသီးနှံများ လည်းပျက်စီးခဲ့သည်ဟု ဆိုသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အာဖဂန်အစိုးရအဖွဲ့ဝင်များကို စီအိုင်အေက လစာများ လက်သိပ်ထိုးပေးကမ်းခဲ့

ကဘူး ဩဂုတ် ၂၈

အာဖဂန်နစ္စတန်အစိုးရအဖွဲ့အတွင်းမှ တာဝန်ရှိသူအများအပြားကို အမေရိကန်ဗဟိုစုံစမ်းထောက်လှမ်းရေး အေဂျင်စီ (စီအိုင်အေ)က လစာရိက္ခာများ လျှို့ဝှက်ထောက်ပံ့ခဲ့ကြောင်း အမေရိကန်ဝန်ထမ်းဟောင်းများနှင့် လက်ရှိတာဝန်ထမ်းဆောင်ဆဲ ဝန်ထမ်းများ၏ ထုတ်ဖော်ပြောကြားချက်ကို ကိုးကား၍ ဩဂုတ် ၂၈ရက် သတင်းများတွင် ဖော်ပြထားသည်။

အာဖဂန်အစိုးရအဖွဲ့အတွင်းမှ သတင်းအချက်အလက်များကို ရယူနိုင်ရန် အာဖဂန်အစိုးရ တာဝန်ရှိသူများကို စီအိုင်အေအဖွဲ့က လစာများ ပေးကမ်းခဲ့ခြင်းဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ သို့ရာတွင် ယင်းကဲ့သို့ အာဖဂန်အစိုးရ အဖွဲ့ဝင်များကို စီအိုင်အေက လက်သိပ်ထိုးပေးကမ်းနေမှုသည် အာဖဂန်နစ္စတန်၏ မူးယစ်ဆေးဝါးမှောင်ခိုရောင်းချမှုနှင့် ခြစားမှုများ တိုက်ဖျက်ရန် ကြိုးပမ်းနေမှုများကို ထိခိုက်စေနိုင်ကြောင်း စိုးရိမ်မှုများ ပေါ်ပေါက်လျက်ရှိသည်ဟုဆိုသည်။

ဝါရှင်တန်ပို့စ်သတင်းစာ၏ အဆိုအရ အာဖဂန်အစိုးရတာဝန်ရှိသူအချို့ သည် စီအိုင်အေ၏ လစာများကို ရယူပြီး စီအိုင်အေ၏ သတင်းပေးများအဖြစ် တာဝန်ထမ်းဆောင်နေကြောင်းသိရသည်။

အာဖဂန်အစိုးရ တာဝန်ရှိသူများကို စီအိုင်အေက ပေးကမ်းနေသော သတင်းသည် အာဖဂန်အစိုးရ အမျိုးသားလုံခြုံရေး အကြံပေးဇီယာဆာလီဟီကို ခြစားမှုဖြင့် စုံစမ်းစစ်ဆေးနေချိန်တွင် ထွက်ပေါ်လာခြင်းဖြစ်သည်။

အင်တာနက်။

❖ ရှေ့ဖုံးမှ

ပြပွဲဖွင့်ပွဲအခမ်းအနားမှာ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် သံရုံးမှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပို့ကုန်မြှင့်တင်ရေးဌာန (DEP) မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်မှ ဗဟိုအလုပ်အမှုဆောင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်ကြီးများ တက်ရောက်ခဲ့ကြပါတယ်။

ထိုင်းနိုင်ငံထုတ် ပစ္စည်းများကိုသာ အဓိကထား ခင်းကျင်းပြသသည့် The First Yangon International Products Showcase 2010 ပြပွဲဖွင့်ပွဲ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဒေါက်တာ မောင်မောင်လေးနှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ပြပွဲကို ဖွင့်လှစ်ပေးခဲ့ပါတယ်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဟာ အိမ်နီးချင်းနိုင်ငံများဖြစ်ကြပြီး ရေမြေ၊ သဘာဝ၊ ရာသီဥတု၊ ယဉ်ကျေးမှု ဓလေ့ထုံးစံများပါ တူညီကာ နှစ်ပေါင်းများစွာကတည်းက ချစ်ခင်ရင်းနှီးလာကြတဲ့ နိုင်ငံများဖြစ်ကြပါတယ်။ မြန်မာနှင့်ထိုင်းနိုင်ငံ ကူးသန်းရောင်းဝယ်ရေးမှာ ပုံမှန်ကုန်သွယ်ရေးသာမက နယ်စပ်ကုန်သွယ်ရေးစနစ်နဲ့ပါ ရောင်းဝယ်ခြင်းကြောင့် နှစ်နိုင်ငံကုန်သွယ်မှု ပမာဏမှာ နှစ်စဉ်တိုးတက်အောင်မြင်လျက်ရှိပါတယ်။ ၂၀၀၅-၂၀၀၆ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၅၉၃ သန်းသာရှိခဲ့သော်လည်း ၂၀၀၉-၂၀၁၀ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၃၅၅၇ သန်းအထိ တိုးတက်လာသည်ကို တွေ့ရပါတယ်။ မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုပြုလုပ်နေသည့် နိုင်ငံများထဲတွင် ထိုင်းနိုင်ငံမှာ ကုန်သွယ်မှု ပမာဏအများဆုံး နံပါတ်(၁)နေရာတွင် ရှိနေပါတယ်။

နယ်စပ်ကုန်သွယ်ရေးစခန်းများက တစ်ဆင့်ကုန်သွယ်မှုပြုရာမှာ နှစ်နိုင်ငံကုန်သွယ်မှုဟာ ၂၀၀၅-၂၀၀၆ ခုနှစ်က အမေရိကန်ဒေါ်လာ ၁၉၉သန်းသာရှိခဲ့ရာက ၂၀၀၉-၂၀၁၀ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၂၇၅သန်းအထိ တိုးတက်လာတာကို တွေ့ရပြီး အခြားအိမ်နီးချင်းနိုင်ငံများရဲ့ နယ်စပ်ကုန်သွယ်ရေးပမာဏနှင့် နှိုင်းယှဉ်လျှင် ထိုင်းနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုပမာဏဟာ ဒုတိယနေရာမှာရှိနေပါတယ်။

ထို့ပြင် မြန်မာနိုင်ငံမှာ လာရောက်ရင်းနှီးမြှုပ်နှံတဲ့ ပြည်ပနိုင်ငံပေါင်း ၃၁ နိုင်ငံအနက် ထိုင်းနိုင်ငံက ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းပေါင်း ၆၁ ခုတွင် အမေရိကန်ဒေါ်လာ ၉၅၆၈ သန်း ထည့်ဝင်လုပ်ကိုင်လျက်ရှိပြီး မြန်မာနိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ၏ ၃၀ရာခိုင်နှုန်းဖြစ်ပါတယ်။ အဆင့်အားဖြင့် ပထမနေရာမှာရှိသည်ကို အားရဖွယ်တွေ့ရှိရပါတယ်။

ထို့ကြောင့် ထိုင်းနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကမိတ်ဖက်နိုင်ငံဖြစ်ပြီး အာရှဒေသတွင်းအဖွဲ့အစည်းများဖြစ်တဲ့ ASEAN-CCI,GMS-BF, BIMSTEC, ACMECS Business Council စသည်တို့တွင် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့ဟာ အဖွဲ့ဝင်အဖြစ် ပါဝင်ပြီး တက်ကြွစွာပူးပေါင်း ဆောင်ရွက်လျက်ရှိပါတယ်။ ထို့ပြင် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ထိုင်းနိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင် အဖွဲ့အစည်းများအကြား နားလည်မှုစာချွန်လွှာ (MOU) များ လက်မှတ်ရေးထိုးပြီး အကျိုးတူလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ထိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပို့ကုန်မြှင့်တင်ရေးဌာန (DEP) ရဲ့ စည်းရုံးဦးဆောင်မှုဖြင့် မြန်မာ-ထိုင်း စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံပွဲ (Business Matching) များကို မကြာခဏ ကျင်းပနိုင်ခဲ့ပါတယ်။

ယခုပြပွဲတွင် ထိုင်းနိုင်ငံထုတ်ကုန်များဖြစ်သည့် အလှကုန်၊ စားသောက်ကုန်၊လူသုံးကုန်၊ပရိဘောဂ၊ ပလတ်စတစ်၊ ကားအလှဆင်ပစ္စည်း၊ ပန်းအလှဆင်ပစ္စည်း၊ အိပ်ရာခန်းဝင်ပစ္စည်း၊ အိမ်ဆောက်ပစ္စည်း၊ ဆေးဝါး၊ လူသုံးအိမ်သုံးပစ္စည်း၊ ကျန်းမာရေးဝန်ဆောင်မှု၊ လေကြောင်းလိုင်းဝန်ဆောင်မှု၊ ခရီးသွားလုပ်ငန်းများပါမကျန် ထိုင်းပစ္စည်းများကို ဝယ်ယူတင်သွင်းနေသည့် မြန်မာနိုင်ငံမှ ကုမ္ပဏီ ၅၀ ခန့် စုစည်းပါဝင်ပြသသည့် ပွဲဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ရောင်းချနေတဲ့ ထိုင်းနိုင်ငံထုတ်ကုန်ပစ္စည်းများကို နေရာအမျိုးမျိုး၊ ဆိုင်အမျိုးမျိုးမှာ အပင်ပန်းခံပြီး လိုက်လံရှာဖွေဝယ်ယူနေစရာမလိုဘဲ တစ်နေရာတည်းမှာ ကြည့်ရှုလှေ့လာပြီး ဝယ်ယူနိုင်သည့် ပြပွဲဖြစ်ပါကြောင်း ရေးသားတင်ပြအပ်ပါသည်။ ။

The First Yangon International Products Showcase 2010 ပြပွဲတွင် လာရောက်ကြည့်ရှုလေ့လာသူများအားတွေ့ရစဉ်။

The First Yangon International Products Showcase 2010 ပြပွဲမှ CHATRIUM Hotel Yangon ပြခန်းအားတွေ့ရစဉ်။

ကျေးရွာအုပ်စုကော်မရှင် အဖွဲ့ခွဲရုံး ဆိုင်းဘုတ်တင်

ကသာ ဩဂုတ် ၂၈

ကသာမြို့နယ် ကော်မရှင်အဖွဲ့ခွဲ၏ အင်းရွာကျေးရွာ အုပ်စုကော်မရှင် အဖွဲ့ခွဲ ဆိုင်းဘုတ်တင် အခမ်းအနားနှင့် ရုံးခန်းဖွင့်လှစ်ခြင်းကို ကျေးရွာအုပ်စု ခန်းမဆောင်၌ ကျင်းပရာ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကျေးရွာအုပ်စု ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ အုပ်စုအတွင်းရှိ ရပ်ကွက်အသီးသီးမှ NGO အဖွဲ့ဝင်များ တက်ရောက်၍ ဖွင့်လှစ်ကြကြောင်း သိရှိရသည်။ (၂၁၁)

ကျန်းမာခြင်းနှင့်ပြည့်စုံဖို့ သွားနှင့်ခံတွင်းကျန်းမာရေးကို ဂရုစိုက်ကြစို့

နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးသည် ယင်းနိုင်ငံသူ၊ နိုင်ငံသားတို့၏ ကျန်းမာကြံ့ခိုင်စွာရှိနေမှုနှင့် တိုက်ရိုက်ဆက်နွယ်မှုရှိပါသည်။ မြန်မာ့လူ့ဘောင်တွင် အာရောဂျံ၊ ပရမံ၊ လာဘံ ဟူသည့် ကျန်းမာခြင်းသည် လာဘ်တစ်ပါးဆိုသည်ကို လူတိုင်းလက်ခံပြီး ဖြစ်ပေသည်။ ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်အဖြစ် ကြိုးပမ်းဖော်ဆောင်ရာတွင် ကျန်းမာကြံ့ခိုင်မှုရှိသော လူသားအရင်းအမြစ်များရှိမှသာလျှင် အောင်မြင်နိုင်မည်ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကျန်းမာခြင်းဟူသည်ကို "ရောဂါဘယကင်းရှင်းနေပြီး၊ ကိုယ်လက်အင်္ဂါမသန်စွမ်းမှု မရှိရုံမျှနှင့် မလုံလောက်သေးဘဲ ကိုယ်စိတ်ခန္ဓာနှစ်ပါးလုံး ကျန်းမာချမ်းသာနေပြီးလူမှုဒုက္ခအပေါင်းမှ ကင်းဝေးလျက်နေနိုင်မှသာ ပြီးပြည့်စုံသည့် ကျန်းမာခြင်းဖြစ်သည်" ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။

ပြည်သူလူထုအပေါင်း ပြည့်စုံသည့်ကျန်းမာရေးသုခ ခံစားရရှိလာနိုင်စေရန် နိုင်ငံတော်က ရောဂါကာကွယ်ရေးလုပ်ငန်းများ၊ကုသရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်ရေး လုပ်ငန်းများကို နှစ်တို၊ နှစ်ရှည် ကျန်းမာရေးစီမံချက်၊ စီမံကိန်းများရေးဆွဲလျက် ဆောင်ရွက်ပေးနေသည်။ မိမိအကျိုး၊ အများအကျိုး၊ တိုင်းပြည်အကျိုးသယ်ပိုးထမ်းဆောင်နိုင်ရေးအတွက် ကျန်းမာရေး ကောင်းမွန်ရန်လိုသဖြင့် ကိုယ်ခန္ဓာအစိတ်အပိုင်းတစ်ခုဖြစ်သော သွားနှင့်ခံတွင်း ကျန်းမာခြင်းသည်လည်း အရေးကြီး အခန်းကဏ္ဍတစ်ခုအဖြစ် တစ်ထောင့်တစ်နေရာမှ ပါဝင်လျက်ရှိပါသည်။

သွားနှင့်ခံတွင်း ရောဂါများဖြစ်ရခြင်းကြောင့် ဆက်နွယ်ဖြစ်လာရသော နောက်ဆက်တွဲ ဆိုးကျိုးရလဒ်များမှာ အလွန်များပြားပါသည်။ မခံမရပ်နိုင်အောင် နာကျင်မှုဝေဒနာကိုခံစားရခြင်း၊ အစားပျက်၊ အအိပ်ပျက်၊ အလုပ်အကိုင်ပျက်ဖြစ်ရခြင်း၊ ဆေးရုံဆေးခန်းသို့ ပြသရန်လိုသဖြင့် အချိန်ကုန်၊ ငွေကြေးကုန်ကျရခြင်း၊ သွားနုတ်ဆုံးရှုံးရသဖြင့် သွားတုအစားစိုက်ရန် လိုလာ၍ သွားတုတပ်ဆင်ရသော ကရိကထ ဒုက္ခများဖြစ်ရခြင်း၊ ခံတွင်းကင်ဆာအနာများကြောင့် အသက်အန္တရာယ်အထိဖြစ်ရခြင်း၊ သွားနှင့်ခံတွင်းရောဂါများမှတစ်ဆင့် အခြားရောဂါများကိုဖြစ်လာစေနိုင်ခြင်း၊ ခံတွင်းရှိ ပိုးမွှားများ သွေးထဲသို့ပျံ့နှံ့ဝင်ရောက်မှုကြောင့် နှလုံးသွေးကြောဆိုင်ရာရောဂါများ ဖြစ်လာနိုင်ခြင်းနှင့် ခန္ဓာကိုယ်ရှိ တချို့ရောဂါများနှင့် သွားရောဂါများ တစ်ခုနှင့်တစ်ခု အပြန်အလှန်ဆက်နွယ်၍ ရောဂါများကို ပိုမိုဆိုးရွားလာစေနိုင်ခြင်း စသည်တို့ ဖြစ်နိုင်ပါသည်။ ထို့ကြောင့် သွားနှင့်ခံတွင်းရောဂါဖြစ်နေသူအဖို့ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခတို့နှင့် ပြည့်စုံသော ကျန်းမာခြင်းရရှိနေထိုင်ရန် မဖြစ်နိုင်တော့ပေ။ ပကတိကျန်းမာခြင်းနှင့်ပြည့်စုံနေရန် သွားနှင့်ခံတွင်းကျန်းမာခြင်းသည်လည်း အဓိကကဏ္ဍတစ်ခုအဖြစ် ပါဝင်နေရပေသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တစ်ကမ္ဘာလုံးအတွက် အလိုအပ်ဆုံးအခြေအနေဖြစ်နေသော ရောဂါတစ်ခုစီကို အလေးထား၍ ရောဂါဖြစ်ခြင်းမှ ကာကွယ်ရန် ထိုရောဂါ၏ ကျန်းမာရေးစောင့်ရှောက်မှုအား ပိုမို၍မြှင့်တင်ရန် ရည်ရွယ်ကာ နိုင်ငံအသီးသီးကလိုက်နာပြီး ဦးစားပေးဆောင်ရွက်နိုင်ရန် ကမ္ဘာ့ကျန်းမာရေးနေ့အဖြစ်သတ်မှတ်ထားသောဧပြီလ ၇ ရက်နေ့ရောက်တိုင်း ကျန်းမာရေးဆောင်ပုဒ်တစ်ခုစီကို နှစ်စဉ်ထုတ်ပြန်နှိုးဆော်လျက် ရှိပါသည်။ ယင်းတို့အနက် ၁၉၉၄ ခုနှစ်တွင် သွားနှင့်ခံတွင်း ကျန်းမာရေးကို ပိုမိုအလေးထားဆောင်ရွက်နိုင်စေရန် "သွားနှင့်ခံတွင်း ရောဂါကင်း၊ သင်၏ကျန်းမာခြင်း" " Oral Health for Healthy life " ဟူ၍ ဆောင်ပုဒ်တစ်ခုကို ထုတ်ပြန်ခဲ့ပေသည်။ ကျန်းမာရေးဝန်ကြီးဌာနကလည်း ဘက်စုံကျန်းမာနေစေရန် ဦးတည်ချက်ထားပြီး သွားနှင့်ခံတွင်းရောဂါများ ကင်းစင်စေအောင် ရေတို၊ ရေရှည်ကျန်းမာရေးဦးတည်ချက်များကိုသတ်မှတ်၍ တွန်းအားပေးဆောင်ရွက်လျက်ရှိပါသည်။

WHO ညွှန်ကြားရေးမှူးချုပ်က နိုင်ငံအသီးသီးတွင် သွားနှင့်ခံတွင်းရောဂါများဖြစ်ပွားမှုနှုန်းမှာ တရိပ်ရိပ်တိုးပွားလျက်ရှိနေသော်လည်း အသက်အန္တရာယ်ကို တိုက်ရိုက်ခြိမ်းခြောက်မှုမရှိ၍ နိုင်ငံတကာတွင် ကျန်းမာရေးဆိုင်ရာ မူဝါဒများ ချမှတ်ရာ၌ သွားနှင့်ခံတွင်း ကျန်းမာရေးမှာ အလေးထားဆောင်ရွက်ခံရခြင်းမရှိသော ကျန်းမာရေးကိစ္စတစ်ခု ဖြစ်နေသည်ဟု ထောက်ပြခဲ့ပါသည်။

ယခုအခါ သုတေသီများ၏ ထပ်ဆင့်တွေ့ရှိချက်များက သွားနှင့်ခံတွင်းရောဂါများသည် တခြားရောဂါများကိုပါဖြစ်လာစေသော အရင်းအမြစ်ဖြစ်ကြောင်းကို တွေ့ရှိရပါသည်။ ဥပမာအားဖြင့် သွားဖုံးရောဂါကိုဖြစ်စေသော ပိုးမွှားများကြောင့် နှလုံးသွေးကြောကျဉ်းပြဿနာဖြစ်ရသည်ကို တွေ့ရှိရ၏။ အမေရိကန်နှလုံးဆရာဝန်အသင်းက နှလုံးရောဂါဖြစ်စေသော အချက်အလက်များထဲတွင် သွားဖုံးရောဂါဖြစ်နေခြင်းကိုပါ ဖြစ်စေနိုင်သော အကြောင်းတစ်ခုအဖြစ် ထည့်သွင်းခဲ့ပါသည်။

ဒေါက်တာလေးအောင် (သံတွဲ)

ပြီးခဲ့သောအကြိမ် (၃၀)မြောက် မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆရာဝန်အသင်း ညီလာခံတွင်လည်း လူတိုင်းကျန်းမာရေးနှင့် ပြည့်စုံနေရန် သွားနှင့်ခံတွင်း ကျန်းမာရေးကောင်းမွန်နေရန်လိုကြောင်းကို "သွားနှင့်ခံတွင်းကျန်းမာခြင်းရှိမှ ကျန်းမာခြင်းနှင့် ပြည့်စုံရ" "Achieving Overall Health Through Oral Health" ဟူသော ဆောင်ပုဒ်တစ်ခုကို မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆရာဝန်အသင်းဥက္ကဋ္ဌက အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားကာ သွားနှင့်ခံတွင်းဆရာဝန်များအား အသိပေးနှိုးဆော်ခဲ့ပါသည်။

မြန်မာနိုင်ငံ လူဦးရေနှင့် သွားနှင့်ခံတွင်းဆရာဝန်ဦးရေ အချိုးအစားမှာ အခြားအိမ်နီးချင်းနိုင်ငံများနှင့်စာလျှင် များစွာကွာခြားလျက်ရှိနေသည်ကို တွေ့ရပါသည်။ မြန်မာနိုင်ငံတွင် သွားနှင့်ခံတွင်းဆရာဝန်တစ်ဦး၌ လူဦးရေသုံးသောင်းနီးပါးခန့်မျှ အချိုးအစားရှိနေသဖြင့် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်ကုသမှုအတွက် ဝန်ထုပ်ဝန်ပိုးသဖွယ် ဖြစ်နေသေးပါသည်။ အရှေ့တောင်အာရှ အိမ်နီးချင်းနိုင်ငံများတွင် သွားဆရာဝန်တစ်ဦးလျှင် လူဦးရေခြောက်ထောင်ပတ်ဝန်းကျင် အချိုးအစားသာရှိနေကြောင်း သိရသည်။

လက်ရှိအနေအထားအရ မြန်မာနိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင်နေထိုင်ကြပြီး မြို့ပေါ်တွင်သာ သွားနှင့် ခံတွင်းဆရာဝန်အများစုမှာ ရှိနေကြသဖြင့် ကျေးလက်နေလူဦးရေနှင့် သွားနှင့်ခံတွင်းဆရာဝန် အချိုးအစားမှာ ပိုမို၍ပင်ကွာဟနေပါသည်။ ထို့ကြောင့် သွားနှင့်ခံတွင်း ဆရာဝန်ဦးရေနှုန်းနှင့် တာဝန်ယူရမည့်လူဦးရေ အချိုးအစား မမျှတဖြစ်နေသဖြင့် သွားနှင့်ခံတွင်းရောဂါဖြစ်မှ ကုသရခြင်းထက် မဖြစ်လာမီကပင် ကြိုတင်၍ ကာကွယ်နိုင်အောင် သွားနှင့်ခံတွင်း အသိပညာပေးလုပ်ငန်းများ ပိုမို၍ဇောင်းပေးဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့မှသာ သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်ရေးလုပ်ငန်းများ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံတော်ရှိ ပြည်သူလူထုတစ်ရပ်လုံး သွားနှင့်ခံတွင်းရောဂါများမှ ကင်းဝေးနိုင်ကြမည်ဖြစ်ပါသည်။

သွားနှင့်ခံတွင်း ကျန်းမာရေး အသိပညာပေးရခြင်း၏ ရည်ရွယ်ချက်မှာ ထိုရောဂါများမှ ကင်းဝေးအောင် လူတစ်ဦးချင်းစီ၌ ဘဝတစ်သက်တာလုံး သွားနှင့်ခံတွင်း ကျန်းမာရေးကောင်းမွန်နေစေရေးအတွက် စိတ်လိုလက်ရ လိုက်နာဆောင်ရွက်သင့်သော ကာကွယ်မှုအသိပညာများကို ပေးခြင်းပင်ဖြစ်သည်။

အမျိုးအစားသုံးမျိုးခွဲ၍ ရည်ရွယ်ချက်ကို အဆင့်သုံးဆင့်ထားကာ အကောင်အထည်ဖော်သင့်ပါသည်-

(၁) ပထမအဆင့်အဖြစ်-ရောဂါမဖြစ်သေးသောသူများကို ရောဂါ ဖြစ်မလာအောင် ဆောင်ရွက်နိုင်ရန် ပညာပေးခြင်း၊

(၂) ဒုတိယအဆင့်အဖြစ် - ကြိုတင်စစ်ဆေး၍ ကုသမှုပြုလုပ်ခြင်းဖြင့် ရောဂါဖြစ်စ လူနာများအား ရောဂါရပ်တန့်စေခြင်းနှင့် ရောဂါ ဆက်လက်ဆိုးရွားမှုမဖြစ်စေရန် ပြုလုပ်ပေးခြင်း၊

(၃) တတိယအဆင့်အဖြစ် - သွားနှင့်ခံတွင်းရောဂါများအား ကုသပေးခြင်း၊ ပြန်လည်မဖြစ်အောင် ကာကွယ်ပညာပေးခြင်း၊

စသည်တို့ကို လုပ်ပေးနိုင်ပါသည်။

ကျန်းမာရေးအသိပညာပေးရာတွင်အသိပညာပေးရမည့် အချက်အလက်များနည်းတူ ပညာပေးဖြန့်ဝေပုံ နည်းစနစ်မှာလည်း အရေးကြီးပါသည်။ နိုင်ငံအဝန်းရှိသည့် လူအများသိနိုင်စေရန်အတွက် သွားနှင့်ခံတွင်း ဆရာဝန်များဖြင့်သာ လုပ်ရုံမျှဖြင့် မဖြစ်နိုင်၊ ပညာပေးနိုင်သူ၊ လုပ်နိုင်သူ အများအပြားလိုအပ်ပါသည်။ အစိုးရ၊ ပုဂ္ဂလိက ကျန်းမာရေးဆိုင်ရာ ဝန်ထမ်းအဆင့်ဆင့်များ အဓိကပါဝင်ရန်လိုအပ်သည်။ ဆရာဝန်များ၊ လ/ထ ကျန်းမာရေးမှူးများ၊ သူနာပြုများ၊ ကျန်းမာရေးဆရာမများ၊ သားဖွားဆရာမများ၊ ဘက်စုံကျန်းမာရေးဝန်ထမ်းများ၊ လူထုကျန်းမာရေးလုပ်သားများနှင့် အရန် သားဖွားဆရာမများ စသည်တို့ကို ပညာပေးခြင်း လုပ်ဆောင်နိုင်အောင် လေ့ကျင့်ပေးသင့်ပါသည်။

သွားနှင့်ခံတွင်း ကျန်းမာရေးအသိပညာပေးခြင်းများကို နည်းလမ်းသုံးသွယ်ဖြင့် ပေးနိုင်ပါသည်-

၁။ သတင်းမီဒီယာများမှ နှိုးဆော်အသိပေးခြင်း

ရေဒီယို၊ တယ်လီဗေးရှင်း၊ သတင်းစာ၊ ဂျာနယ်စာစောင်၊ မဂ္ဂဇင်းများ၊ ဌာနတွင်း၊ ကျောင်းတွင်း နံရံကပ်စာစောင်များ စသည့်တို့ဖြင့် အသိပညာပေးခြင်း။

၂။ လူထုကျန်းမာရေးစီမံချက်များဖြင့် ဆောင်ရွက်ခြင်း

ကျောင်းကျန်းမာရေးစီမံချက်၊ မိခင်နှင့်ကလေး ကျန်းမာရေးစီမံချက်များ၊ ကျောင်းများ၊ ဌာနဆိုင်ရာများ၊ စက်ရုံအလုပ်ရုံများတွင် ကျန်းမာရေးအခမ်းအနားများ လုပ်ရာတွင် ပညာပေးဟောပြောချက်များ ပြုလုပ်ခြင်းနှင့် စစ်ဆေးကုသမှုများပြုလုပ်ခြင်း။

၃။ တစ်ဦးချင်းအား အသိပညာပေးခြင်း

အစိုးရ၊ ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများသို့ လာပြသည့်လူနာနှင့် လူနာစောင့်အဖော်များအား ဆရာဝန်၊ ဆရာမနှင့် ကျန်းမာရေးဝန်ထမ်းများမှ အသိပညာပေးခြင်း၊ ကျေးလက်တွင် ကျေးလက်ကျန်းမာရေးဝန်ထမ်းများမှ အသိပညာပေးခြင်း၊ ကျောင်းများတွင် ကျောင်းဆရာ၊ ဆရာမများမှ ပညာပေခြင်းတို့ကို ပြုလုပ်သင့်ပါသည်။

တစ်ဦးချင်းပညာပေးခြင်းမှာ အလွန်ထိရောက်မှုရှိကြောင်း တွေ့ရသည်။ ကျန်းမာရေးအသိပညာပေးရာတွင် နားလည်လွယ်ကူသော အသုံးအနှုန်းစကားလုံးများကို သုံးသင့်ပါသည်။ အကြိမ်ကြိမ် ထပ်တလဲလဲပြောခြင်းက လက်ခံလုပ်ဆောင်ရန် အကျိုးဖြစ်စေသည်။ နားရှုပ်ထွေးနိုင်သောစကားကို ရှောင်ပြီး တိုတုတ်ရှင်းလင်းစွာပြောရန် လိုအပ်ပါသည်။ ရှင်းလင်းလွယ်ကူမှတ်သားရသည့် ကျန်းမာရေးအသိပညာပေးများကို တစ်ဦးမှတစ်ဦးသို့ လက်ဆင့်ကမ်း ပြောဆိုကြသဖြင့် ကျန်းမာရေး အသိပညာရှိသူများ တဖြည်းဖြည်း တိုးပွား၍လာမည်ဖြစ်ပါသည်။

သွားရောဂါကို ကြိုတင်စစ်ဆေးကုသမှုခံယူစေရန် အသိပညာပေးရာတွင် အတားအဆီးဖြစ်နေသည့် အဓိကအကြောင်းနှစ်ခုကို တွေ့ရပါသည်။

၁။ သွားနှင့်ခံတွင်းဆေးခန်းသို့ ပြသရန်ကြောက်ရွံ့စိုးရိမ်ခြင်း

ဆေးရုံဆေးခန်းတွင် ဆရာဝန်အပါအဝင် ဆရာမများ၊ တာဝန်ကျဝန်ထမ်းများအချို့၏ ဆက်ဆံမှုကြောင့်လည်းကောင်း၊ ရောဂါကူးစက်ခံရမည်ကို ကြောက်ရွံ့စိုးရိမ်ခြင်းကြောင့်လည်းကောင်း၊ သွားကုသမှုတွင် သုံးရသည့် ပစ္စည်းကိရိယာများ၏ဟိတ်ဟန်အသွင်အပြင်များ၊ ဆူညံသံများကြောင့်လည်းကောင်း၊ ကုသမှုခံယူနေသည့် လူနာအချို့၏ အကြောက်လွန် အမူအယာ၊ အပြုအမူတို့ကို မြင်ရ၍လည်းကောင်း၊ လူအများ ကြိုတင်စစ်ဆေးကုသမှုခံယူမှု ပျက်ကွက်ခြင်း၊ ချိန်းဆိုရက်၌ ပြန်မလာခြင်းများကို ဖြစ်စေနိုင်ပါသည်။ ထို့ကြောင့် ဆရာဝန်များ၊ အထောက်အကူပြု ဝန်ထမ်းများက လူနာများအပေါ် စိတ်ရှည်သည်းခံ အကြံပြုကုသပေးသင့်ပါသည်။

၂။ ဆေးခန်းပြကုန်ကျစရိတ်စက

နိုင်ငံတကာတွင်လည်း သွားကုသမှုစရိတ် မြင့်မားမှုပြဿနာရှိပါသည်။ မြန်မာနိုင်ငံ၏ လက်ရှိသွားကုသမှုစရိတ်မှာ နိုင်ငံတကာနှင့် နှိုင်းယှဉ်ပါက အလွန်ပင်ဈေးသက်သာသော်လည်း အများကဈေးကြီးသည်ဟူ၍ ထင်မှတ်သော ပြဿနာရှိနေပါသည်။ ဤသို့ထင်မြင်မှုဖြစ်ရခြင်းတွင် အကြောင်းနှစ်ခုကို တွေ့ရပါသည်။ လူအများစုတွင် ဝင်ငွေနည်းပါးခြင်းကြောင့်လည်းကောင်း၊ သွားနှင့်ခံတွင်း ကျန်းမာရေးကို အလေးထားဂရုပြု တန်ဖိုးထားတတ်သောအသိနည်းပါးမှုကြောင့်လည်းကောင်း ဖြစ်နိုင်ပါသည်။ သွားနှင့်ခံတွင်း ဆရာဝန်များကလည်း လာပြသူလူနာတို့၏ ငွေကြေးသုံးစွဲနိုင်မှုကို ကြည့်ရှုကာ ထိုလူနာအတွက် သင့်လျော်သည့် တန်ဖိုးနည်းဝန်ပါ ကုသချက်များကို ကြိုတင်ရှင်းပြဆွေးနွေးကာ လုပ်ဆောင်ပေးသင့်ပါသည်။ လူတိုင်းသိသင့်ပြီး လိုက်နာဆောင်ရွက်သင့်သော ကျန်းမာရေးအသိပညာများမှာ အောက်ပါအချက်များဖြစ်ပါသည်-

၁။ သွားပိုးစားရောဂါနှင့် သွားဖုံးရောဂါများကို အလွယ်တကူဖြစ်စေနိုင်သော "ချိုစေးကပ်" အစာများ လျှော့စားသင့်ပါသည်။ အစာစားပြီးတိုင်း တွယ်ကပ်နေသည့် အစာအညှိများ စင်ကြယ်သွားအောင် (၃)ကြိမ်ထက်မနည်း ရေဖြင့် ပလုတ်ကျင်းသင့်ပါသည်။

၂။ စနစ်မှန်၊ နည်းမှန်၊ အချိန်မှန် တစ်နေ့လျှင် မနက်စာစားပြီးတစ်ကြိမ်၊ အိပ်ရာမဝင်မီတစ်ကြိမ်၊ ပေါင်းနှစ်ကြိမ် သွားတိုက်သင့်သည်။

၃။ နူးညံ့ပျော့ပျောင်းသောအမျှင်ရှိသွားပွတ်တံနှင့် ဖလိုရိုက်ပါ သွားတိုက်ဆေးသုံးကာ သွားဖုံးသားအစပ်မှစ၍ ဖြည်းဖြည်းသာသာ သွားကိုတိုက်ရမည်။ လျှာကို ညင်သာစွာတိုက်ရမည်။ သွားကြားညပ်အစာများစင်သွားအောင် သွားကြားပွတ်ကြိုးကို တစ်နေ့တစ်ကြိမ် အသုံးပြုသင့်သည်။

၄။ (၆)လတစ်ကြိမ် သွားနှင့်ခံတွင်း ဆရာဝန်ထံတွင် ပြသစစ်ဆေးမှုခံယူကာ ကြိုတင်ကာကွယ်ကုသမှုကို လုပ်သင့်သည်။

သွားနှင့်ခံတွင်းကျန်းမာရေး အသိပညာများ တိုးပွား၍ သွားနှင့်ခံတွင်းရောဂါများမှ ကင်းစင်ကာ ကျန်းမာခြင်းပြည့်စုံသည့် လူနေမှုဘဝများ ရှိနေစေရန် စေတနာကောင်းဖြင့် တင်ပြအပ်ပါသည်။ ။

ဆူးလေဘုရားလမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့နေ ဘိုးဘိုး ဦးအောင်ကျော်မြင့်(ညွှန်ကြားရေးမှူး) မီးသတ်ဦးစီးဌာန၊ ဘွားဘွား ဒေါ်အေးရီတို့၏မြေး ဖေဖေ ဗိုလ်ကြီးကျော်စွာလင်း၊ မေမေ ဒေါ်ယုနွယ်အောင် တို့၏သား မောင်အောင်ဘုန်းဇေ (ခ) ဟိန်းသူထက်၏ (၁)နှစ်ပြည့် မွေးနေ့အလှူအဖြစ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီး (ရန်ကုန်)သို့ ထာဝရ ဆေးပဒေသာပင် အလှူငွေကျပ် ၁၅၀၀၀၀ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၁) ဦးဝင်းလွင် လက်ခံစဉ်။ (မီးသတ်)

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းသည် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းအပြင် အသိပညာပြန့်ပွားရေး လုပ်ငန်းစဉ်တစ်ရပ်အနေဖြင့် ပညာရပ်ဆိုင်ရာ ဟောပြောပွဲများကို ကျင်းပလျက်ရှိရာ စက်တင်ဘာ ၄ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ Yuzana Garden Hotel ၌ ပါမောက္ခ ဒေါက်တာဒေါ်ခင်ဆွေမြင့်၊ ဌာနမှူး (ငြိမ်း) မြန်မာစာဌာန ရန်ကုန်တက္ကသိုလ်က "Overview of the Travel Industry " ခေါင်းစဉ်ဖြင့် ဟောပြောမည်ဖြစ်၍ မည်သူမဆို တက်ရောက်နိုင်ကြောင်းနှင့် တက်ရောက်မည့်သူများအနေဖြင့် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းရုံး ဖုန်း-၀၁-၇၃၀၅၀၇၆၁၊ ၂၁၄၉၄၁ နှင့် ၂၁၄၉၄၅ တို့သို့ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဇီဝမျိုးစုံ

မျိုးကွဲတွေ

ကြွယ်စေဖို့

သဘာဝတောတွေ

ထိန်းသိမ်းစို့

ဝန်ကြီး ဦးစိုးသိန်း ဝန်ထမ်းမိသားစုများ၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ပတ်ဝန်းကျင်စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများ ကြည့်ရှုအားပေး

နေပြည်တော် ဩဂုတ် ၂၈

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ယနေ့နံနက် ၆ နာရီတွင် နေပြည်တော်ခရိုင် ဒက္ခိဏသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်ရှိ ပညာသိဒ္ဓိရပ်ကွက်၊ဘောဂသိဒ္ဓိရပ်ကွက်နှင့် မင်္ဂလာသိဒ္ဓိရပ်ကွက်တို့၌ အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ဝန်ထမ်းအိမ်ရာများနှင့် အဆောင်များ၌ ဝန်ထမ်းမိသားစုများ၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲနှင့် ပတ်ဝန်းကျင် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

စုပေါင်းသန့်ရှင်း

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲနှင့် စုပေါင်းသန့်ရှင်းရေးလုပ်အားပေးပွဲတွင် ဝန်ထမ်းမိသားစုများက စိန်တလုံးသရက်၊ စိန်ပန်း၊ ကြောင်လျှာနှင့် မဲဇလီစသည့် သစ်ပင်ပျိုးပင်များကို စိုက်ပျိုးကြပြီး စိုက်ပျိုးပြီး သစ်ပင်များအား ပေါင်းသင်မြေရှင်းခြင်းနှင့် အိမ်ရာပတ်လည်ရှိ ရေနုတ်မြောင်းများ ဖော်ထုတ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

လှည့်လည်ကြည့်ရှု

ဝန်ကြီး ဦးစိုးသိန်းသည် ဝန်ထမ်းအိမ်ရာများ၌ တစ်အုပ်တစ်မစိုက်ပျိုးထားသည့် နှစ်ရှည်စားပင်များ၊ အရိပ်ရပင်များ၊ ရာသီသီးနှံပင်များနှင့် ပန်းအလှပင်များကို လှည့်လည်ကြည့်ရှုပြီး လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ စိုက်ပျိုးထားသည့် သစ်ပင်များ ရှင်သန်စေရန်ဂရုပြုဆောင်ရွက်ရေး၊ အရိပ်ရပြီး မျက်စိပသာဒဖြစ်စေမည့် သစ်ပင်များကို စိုက်ပျိုးရေး၊ ပတ်ဝန်းကျင်ရှိ ချုံနွယ်များကို ပုံမှန်ရှင်းလင်းရေး၊ ဝန်ထမ်းမိသားစုများအနေဖြင့် ကျန်းမာရေးနှင့်အညီ နေထိုင်စေရေးတို့ကို မှာကြားသည်။

အမှတ်(၂)စက်မှုဝန်ကြီးဌာနအနေဖြင့် ယင်းလုပ်ငန်းများကို ဝန်ထမ်းအိမ်ရာများ၌ ပုံမှန်ဆောင်ရွက်သကဲ့သို့ အပတ်စဉ် သောကြာနေ့တိုင်းတွင် ရုံးပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးကို လည်းကောင်း၊ တနင်္ဂနွေနေ့တိုင်းတွင် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်ရှိ ဝန်ထမ်းကိုယ်ပိုင်အိမ်ရာများ၌ သစ်ပင်စိုက်ပျိုးရေးနှင့် ချုံနွယ်များ ရှင်းလင်းရေးကို လည်းကောင်း ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်း အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ ဝန်ထမ်းအိမ်ရာများ၌ တစ်အုပ်တစ်မစိုက်ပျိုးထားသည့် နှစ်ရှည်စားပင်များ၊ အရိပ်ရပင်များ၊ ရာသီသီးနှံပင်များနှင့် ပန်းအလှပင်များကို ကြည့်ရှုစစ်ဆေးစဉ်။

(စက်မှု-၂)

ကျောက်ချောလမ်းခင်းကျင်းမှု ကွင်းဆင်းစစ်ဆေး

ကသာ ဩဂုတ် ၂၈

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ရေဝန်းကျောင်းလမ်း အရှည် ၇၈၅ ပေ၊ အကျယ် ၁၂ ပေအား ကျောက်ချောလမ်း(မြို့ပြ)ခင်းခြင်းကို တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့် တာဝန်ယူဆောင်ရွက်နေမှုကို အမှုဆောင်အရာရှိ ဦးထွန်းထွန်းက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(မြို့နယ်စည်ပင်)

နယ်စပ်/စည်ပင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဩဂုတ် ၂၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်သည် ဩဂုတ် ၂၀ ရက်နံနက်ပိုင်းတွင် မိတ္ထီလာမြို့ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနပိုင် ယာဉ်/ ယန္တရားသိုလှောင်ရုံသို့ရောက်ရှိပြီး ယာဉ်/ ယန္တရားများ ကြံ့ခိုင်မှုရှိစေရေး၊ သိုလှောင်ရုံဝင်းအတွင်း ရာသီသီးနှံ၊ နှစ်ရှည်ပင်များ စိုက်ပျိုးရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ စနစ်တကျ ဆောင်ရွက်ထားရှိရေးတို့ကို မှာကြားသည်။

ဒုတိယ ညွှန်ကြားရေးမှူးချုပ်သည် ဩဂုတ် ၂၁ ရက် နံနက်ပိုင်းတွင် ကျောက်မဲမြို့သို့ရောက်ရှိပြီး နီပွန်ဖောင်ဒေးရှင်း(စေတနာ)အဖွဲ့က ဆောက်လုပ်လှူဒါန်းခဲ့သော မန်ခါးကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် လားရှိုးမြို့နယ်ကောင်းခါးကျေးရွာ အခြေခံပညာမူလတန်းကျောင်းများသို့ ရောက်ရှိပြီး ကျောင်းဆောင်သစ်များကို ကြည့်ရှုစစ်ဆေးကာ ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများအား ကျောင်းဆောင်သစ်ကို စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ ပညာရည်မြင့်မားရေးတို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် လားရှိုးမြို့ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး ကျောင်းအုပ်နှင့် နည်းပြများအား တွေ့ဆုံကာ ထူးချွန်ထက်မြက်သော လူငယ်များ ပေါ်ထွန်းလာစေရေး၊ ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး၊ တက္ကသိုလ်ဝင်တန်းအောင်ချက်မြင့်မားရေး၊ ကျောင်းဝင်းအတွင်း ရာသီသီးနှံနှင့် နှစ်ရှည်ပင်များစိုက်ပျိုးရေးတို့ကို မှာကြားပြီး ကျောင်းသားအိပ်ဆောင်နှင့် စားရိပ်သာတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဒုတိယ ညွှန်ကြားရေးမှူးချုပ်သည် ဩဂုတ် ၂၂ ရက် နံနက်ပိုင်းတွင် လားရှိုးမြို့ ပြည်နယ်/ဒေသ ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံကာ ဝန်ထမ်းတစ်ဦးချင်း အရည်အသွေးမြင့်မားတိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်ကြရေးနှင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ကြရေးတို့ကို မှာကြား၍ ယာဉ်/ ယန္တရားများ စနစ်တကျထားသိုရေး၊ ကြံ့ခိုင်မှုရှိရေးနှင့် ဝန်ထမ်းအိမ်ရာများ ရေ၊ မီးရရှိမှု စနစ်တကျရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထိုမှတစ်ဆင့် လားရှိုးမြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းသို့ရောက်ရှိပြီး သင်တန်းခန်းမ၊ သင်တန်းသားအိပ်ဆောင်နှင့် စားရိပ်သာတို့ကို လိုက်လံကြည့်ရှုကာ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ သင်တန်းကျောင်း၏ ရည်ရွယ်ချက်များ အောင်မြင်အောင် ဆောင်ရွက်ရေး၊ နှစ်ရှည်သီးနှံများ စိုက်ပျိုးရေးတို့ကို မှာကြားသည်။

ထို့နောက် ကွတ်ခိုင်မှတစ်ဆင့် တာမိုးညဲသို့ရောက်ရှိပြီး ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေး ရုံးခွဲ(တာမိုးညဲ)မှ ဝန်ထမ်းများနှင့် တွေ့ဆုံကာ နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်မြင့် ကြိုးပမ်းဆောင်ရွက်ရေး၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်ရေးမှာကြားပြီး ရုံးဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးကာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် နီပွန်ဖောင်ဒေးရှင်း(စေတနာအဖွဲ့)က ဆောက်လုပ်လှူဒါန်းသော မူဆယ်မြို့နယ်(တာလုံ) အခြေခံပညာ မူလတန်းကျောင်းနှင့် ပန်ခမ်းကျေးရွာ မူလတန်းလွန်ကျောင်းတို့သို့ရောက်ရှိပြီး ဆောက်လုပ်ပြီးစီးသည့် ကျောင်းဆောင်သစ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် မူဆယ်မြို့ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းသို့ ရောက်ရှိကာ သင်တန်းခန်းမ၊ အိပ်ဆောင်၊ စားရိပ်သာနှင့် ရာသီသီးနှံစိုက်ခင်းတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့် ကျောက်မဲမြို့ မန်ခါးကျေးရွာ အခြေခံပညာမူလတန်းကျောင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆိပ်ဖြူမြို့ပေါ်ရပ်ကွက်များရှိ ကုန်စုံဆိုင်များနှင့် ပတ္တမြားဈေးရှိဆိုင်များတွင် အိုင်အိုဒင်းဆား ရောင်းချခြင်း ရှိ၊ မရှိကို ဩဂုတ် ၁၇ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ဆွေ၊ မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာသန်းသန်းချစ်၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ကေသီအောင်နှင့် အဖွဲ့ဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ကွင်းဆင်းစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

မြင်းခြံ - ဆားခါးကျေးလက်လမ်း မိုးရာသီသစ်ပင်စိုက်ပျိုး

မြင်းခြံ ဩဂုတ် ၂၈

မြင်းခြံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းအား စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများဖြင့် ဩဂုတ် ၁၄ ရက်က မြင်းခြံ-ဆားခါး ကျေးလက်လမ်းပေါ်၌ စိန်ပန်းပင် အပင်ပေါင်း ၃၅၀ ကျော် စိုက်ပျိုးခြင်းကို အမှုဆောင်အရာရှိ (ဒုတိယညွှန်ကြားရေးမှူး) ဦးအေးမြင့်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေတို့က ကြီးကြပ်စိုက်ပျိုးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၉-၈-၂၀၁၀ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး ထေရုပ္ပတ္တိ -ကပ်လှူပူဇော်သီရိလက်ာ မဟာစေတီစိန်ဖူးတော်
- ၇း၁၅ ၄။ ဓမ္မပူဇာတေး
- ၇း၂၀ ၅။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၂။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၃။ ပြီးပါပြီ။

နေ့လယ်ပိုင်း

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၃၀ ၄။ **ကာတွန်းအစီအစဉ် -အမြွှာစုံထောက် (အပိုင်း-၃၄)**
- ၁၂း၀၀ ၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အဖေ**
- ၁၂း၃၀ ၆။ ကျန်းမာသုတ
- ၂း၀၀ ၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြင်နာသူရဲ့ချစ်ရိပ် (အပိုင်း-၆၅)**
- ၂း၅၅ ၈။ အပိတ်နှုတ်ဆက်စကား
- ၂း၅၀ ၉။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၂၅ ၄။ မြတ်နိုးကြစေ အမျိုးသားအမွေ
- ၄း၃၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၄၅ ၆။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၄း၅၅ ၇။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၈။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၂၀ ၉။ အမျိုးသားရေးတေးကဗျာ
- ၆း၃၀ ၁၀။ ဘဝကြေးမုံ **-မိုးနှောင်း (အပိုင်း-၁) (ဇေယျာ၊ ချစ်စု၊ အိမ့်ဖူးငယ်) [ဒါရိုက်တာ-ဆဲဗင်း(အိုင်စီ)]**
- ၆း၅၀ ၁၁။ ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
- ၇း၀၀ ၁၂။ **ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -စိမ်းရောင်ခြယ် လှည်းကလေး (အပိုင်း-၄၃)**
- ၈း၀၀ ၁၃။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၄။ နိုင်ငံတကာသတင်း
- ၁၅။ မိုးလေဝသသတင်း
- ၁၆။ အမျိုးသားရေးတေးကဗျာ
- ၁၇။ ကျန်းမာသုတ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အပြုံးပန်းလေးရဲ့ ဖန်ဆင်းရှင် (အပိုင်း-၁)**
- ၂၁။ လင်းရောင်စဉ်အတွက် ပုံရိပ်များ (အပိုင်း-၂၃)
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

မီးဘေးကာကွယ်ရေး စစ်ဆေး

ပဲခူး ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်သည် သဲကုန်းမြို့မဈေး၏ မီးဘေးကာကွယ်ရေး စီမံချက်ပါအတိုင်း ဆောင်ရွက်ထားရှိမှုနှင့် မီးဘေးကာကွယ်ရေး သရုပ်ပြဇာတ်တိုက် လေ့ကျင့်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

(မြို့နယ်စည်ပင်)

နန်ချိုရေအားလျှပ်စစ်စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှု ဝန်ကြီး ဦးဇော်မင်း ကြည့်ရှုစစ်ဆေး

အမှတ်(၁) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်း နန်ချို ရေအားလျှပ်စစ်စီမံကိန်းကို ကြည့်ရှုစစ်ဆေးစဉ်။ (လျှပ်စစ်-၁)

နေပြည်တော် ဩဂုတ် ၂၈

အမှတ်(၁)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဦးဇော်မင်းသည် ဩဂုတ် ၂၇ ရက် မွန်းလွဲပိုင်းတွင် နေပြည်တော် ပျဉ်းမနားအရှေ့ဘက် ၁၆ မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်အတွင်း စီးဝင်နေသော နန်ချိုချောင်းဆုံ၏ အထက်ဘက် ခုနစ်မိုင်ခန့်အကွာရှိ နန်ချိုရေအားလျှပ်စစ်စီမံကိန်းသို့ ရောက်ရှိပြီး စီမံကိန်း လုပ်ငန်းခွင်အတွင်းရှိ ရှင်းလင်းဆောင်ရွက်မှုနေ၍ ဖိအားမြင့်သံမဏိပိုက်လိုင်း၊ ဓာတ်အားပေးစက်ရုံနှင့် ဆွဲယာဒ်တည်ဆောက်မည့် မြေနေရာတို့အား စက်ယန္တရားကြီးများဖြင့် မြေကြီးကျောက်သားတူးဖော်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ရေထိန်းကန် ကွန်ကရစ်သွန်းလောင်းပြီးစီးမှုနှင့် ရေသွယ်ဥမင်လိုဏ်အပိုင်း(၂) အထွက်ပိုင်း ဥမင်လိုဏ်တူးဖော်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ရေတံလျှောက် တည်ဆောက်ခြင်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး ရေတံလျှောက် (P1နှင့်P2) ကွန်ကရစ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် စလူချောင်းဝဲဘက်ကမ်း ရေသွယ်ဥမင်လိုဏ်အပိုင်း(၂) အဝင်ပိုင်း ဥမင်လိုဏ်တူးဖော်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ ရေသွယ်ဥမင်လိုဏ်အပိုင်း(၁) ဥမင်လိုဏ်အတွင်း Concrete Lining လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို လည်းကောင်း မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် တမံဝဲဘက်ကမ်းရှုရပ်မှနေ၍ ရေထိန်းတမံ ကွန်ကရစ် သွန်းလောင်းပြီးစီးမှု၊ သွန်းလောင်းရန်ပြင်ဆင်နေမှုနှင့် ရေယူအဆောက်အအုံလုပ်ငန်း ကွန်ကရစ်သွန်းလောင်းပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ ယင်းနောက် ရေထိန်းတမံပေါ်သို့ ရောက်ရှိပြီး ရေထိန်းတမံကွန်ကရစ်သွန်းလောင်း ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြာ ဝန်ကြီးက လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုပ်ငန်းခွင်သုံးပစ္စည်းများကို စံချိန်စံညွှန်းတိကျမှန်ကန်အောင် စစ်ဆေး ကြပ်မတ်ရေး၊ ဂရုစိုက်ရေးတို့ကို တာဝန်ရှိသူများအား အသေးစိတ်မှာကြားခဲ့သည်။

အဆိုပါ နန်ချိုရေအားလျှပ်စစ်စီမံကိန်းသည် ယခုအခါ စီမံကိန်းတစ်ခုလုံး၏ ၅၇ ဒသမ ၄၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပြီး စီမံကိန်းပြီးစီးပါက ၂၀ မဂ္ဂါဝပ်ရှိ စက်နှစ်လုံးဖြင့် စုစုပေါင်း စက်တပ်ဆင်အင်အား ၄၀ မဂ္ဂါဝပ်မှ တစ်နှစ်လျှင် ပျမ်းမျှလျှပ်စစ်ဓာတ်အား ကီလိုဝပ်နာရီသန်းပေါင်း ၁၅၂ သန်း ထုတ်လုပ်ပေးနိုင်မည့် စီမံကိန်း တစ်ခုဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ရှိ သင်တန်းကျောင်းများ ဝန်ကြီး ဦးမောင်မောင်ဆွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၂၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ လူမှုဝန်ထမ်း ဦးစီးဌာန လူမှုဝန်ထမ်းအတတ်သင်သိပ္ပံကျောင်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက်ဝန်ကြီးသည် မသန်စွမ်းသက်ငယ် သင်တန်းကျောင်းသို့ ရောက်ရှိ၍ Singapore Association of Myanmar အဖွဲ့အစည်းက ဆောက်လုပ် လှူဒါန်းသော ပေ ၅၀ × ၃၀ ခန်းမဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ စဉ့်ကူးမြို့၌ ကျင်းပ

စဉ့်ကူး ဩဂုတ် ၂၈

စဉ့်ကူးမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၅ရက် နံနက် ၁၀ နာရီက အခြေခံပညာ အထက်တန်းကျောင်း ရွှေရတုခန်းမဆောင်၌ ကျင်းပသည်။

အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မြင့်ဦး၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးတင်မောင်အုန်းနှင့် မြို့နယ်ပညာရေးမှူး ဦးပေါင်းဇနန်တို့က အမှာစကားပြောကြားကြသည်။

အစီအစဉ်အရ ဆရာဦးမြင့်ဆွေက မိဘဆရာအသင်းနှစ်ပတ်လည် အစီရင်ခံစာနှင့် ငွေစာရင်းများကို ရှင်းလင်းပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ်အတွက် မိဘဆရာအသင်း အမှုဆောင်အသစ်များကို ရွေးချယ်ကြသည်။

ထို့နောက် မြို့နယ်အတွင်းရေးမှူး၊ မြို့နယ်ပညာရေးမှူး၊ ဆရာမကြီး ဒေါ်ခင်မြင့်ဦးနှင့် တာဝန်ရှိသူတို့က တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ သင်ကြားရေး ဘာသာပြဆရာ၊ ဆရာမများနှင့် အတန်းအသီးသီးအလိုက် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **(အောက်ပုံ)**

(သတင်းစဉ်)

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးမောင်မောင်ဆွေ ရန်ကုန်မြို့ လူမှုဝန်ထမ်းဦးစီးဌာန လူမှုဝန်ထမ်း အတတ်သင်သိပ္ပံကျောင်း အစည်းအဝေးခန်းမဆောင် ဆောက်လုပ်နိုင်ရေး ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြီးကြပ်ဆောင်ရွက်

ရသေ့တောင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းလမ်းဘေး ဝဲ၊ ယာ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများ တူးဖော်ရှင်းလင်းခြင်း၊ ပန်းအလှပင်များ စိုက်ပျိုးခြင်း လုပ်ငန်းကို အမှုဆောင်အရာရှိ ဦးမောင်တင်ဦး ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

မြန်မာအမျိုးသမီးများ၏ ကဏ္ဍစုံခေတ်ပြိုင်အနုပညာ လက်ရာများ ပြသမည်

ရန်ကုန် ဩဂုတ် ၂၈

Blue Wind အနုပညာမှ မြန်မာအမျိုးသမီးများ၏ ကဏ္ဍစုံခေတ်ပြိုင် အနုပညာလက်ရာများ ပြပွဲကို စက်တင်ဘာ ၂ ရက်မှ ၆ ရက် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ အမှတ်(၇) မဟာစည်ရိပ်သာလမ်း ရန်ကုန်မြို့ရှိ တကောင်းအနုပညာပြခန်း၌ ခင်းကျင်းပြသမည်ဖြစ်ပါသဖြင့် အနုပညာ စိတ်ပါဝင်စားသူ မည်သူမဆို လာရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန ကွန်ပျူတာသင်တန်းဆင်းပွဲနှင့် အောင်လက်မှတ်ပေးအပ်ပွဲ ကျင်းပ

နေပြည်တော် ဩဂုတ် ၂၈

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုဌာန (မန္တလေး နိုင်ငံခြားဘာသာ တက္ကသိုလ်)က ကြီးမှူးဖွင့်လှစ်သော ကွန်ပျူတာအခြေခံသင်တန်း အမှတ်စဉ်(၅၃)နှင့် ကွန်ပျူတာအဆင့်မြင့် သင်တန်းအမှတ်စဉ်(၄၈) သင်တန်းဆင်းပွဲနှင့် အောင်လက်မှတ် ပေးအပ်ပွဲကို ဩဂုတ် ၂၇ ရက် ညနေ ၃ နာရီတွင် အဆိုပါတက္ကသိုလ် သီရိရတနာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန သင်တန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာဇော်လင်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ကွန်ပျူတာ အဆင့်မြင့် သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား၊ သင်တန်းသူများအားပေးအပ်သည်။

ထို့နောက် မြန်မာစာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာရွှေပြည်စိုးနှင့် သင်တန်းကြီးကြပ်မှုကော်မတီ အတွင်းရေးမှူး မော်ကွန်းထိန်း ဦးစိန်ဝင်းတို့က ကွန်ပျူတာအခြေခံ သင်တန်းဆင်း အောင်လက်မှတ်များကို သင်တန်းသား တစ်ဦးချင်းထံ ပေးအပ်သည်။

ယင်းနောက် တာဝန်ခံပါမောက္ခချုပ်က ကွန်ပျူတာအဆင့်မြင့်သင်တန်းတွင် ပထမဆုရ မသက်သက်ဇင်၊ ဒုတိယဆုရ မလွင်အိန္ဒြာကျော်နှင့် တတိယဆုရ မောင်ငြိမ်းမြတ်ထွန်း၊ ကွန်ပျူတာအခြေခံသင်တန်းတွင် ပထမဆုရ မနေသူဇင်၊ ဒုတိယဆုရ မောင်သိန်းဇော်ဝင်းနှင့် တတိယဆုရ မအေးမြတ်သူတို့အား အမှတ်တရဂုဏ်ပြု လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့နောက် သင်တန်းသား၊ သင်တန်းသူများက သင်တန်းနည်းပြအဖွဲ့အား အမှတ်တရလက်ဆောင် ပစ္စည်းများ ပေးအပ်ကြပြီး ကွန်ပျူတာအခြေခံ သင်တန်းသူ မအိနိုင်မွန်က ကျေးဇူးတင်စကားပြောကြားကာ သင်တန်းဆင်းပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်းနှင့် သင်တန်းဆင်းပွဲသို့ ကွန်ပျူတာအခြေခံသင်တန်း တက်ရောက်အောင်မြင်သူ ၁၀၂ ဦးနှင့် ကွန်ပျူတာ အဆင့်မြင့်သင်တန်း တက်ရောက်အောင်မြင်သူ ၂၀ စုစုပေါင်း ၁၂၂ ဦး တက်ရောက်ကြကြောင်း သိရသည်။ (သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ဆွေးနွေးဟောပြော

မုံးကိုးမြို့နေ ပြည်သူများအား မူးယစ်ဆေးဝါး အသိပညာပေး ဆွေးနွေးဟောပြောပွဲကို ဩဂုတ် ၁၆ ရက်က ကျင်းပရာ စခန်းမှူး ရဲအုပ်အောင်မျိုးလတ် ဆွေးနွေးဟောပြောစဉ်။

(ကြေးမုံ)

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဘိုးဘွားအမွေအနှစ်များအဖြစ် ထာဝရတည်ရှိနေစေရန် ဥပဒေများဖြင့် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားသည့် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ဇုန်များ

ယမန်နေ့မှအဆက်

ဇုန်နယ်နိမိတ်သတ်မှတ်ပြဋ္ဌာန်းပြီးသော
ယဉ်ကျေးမှုအမွေအနှစ်ဒေသနှင့် အဆောက်အအုံတည်ရှိရာဇုန်

စဉ်	သတ်မှတ်ဒေသ	သတ်မှတ်ဇုန်အမျိုးအစား	အမိန့်ကြော်ငြာစာအမှတ်နှင့် ထုတ်ပြန်သည့်ရက်စွဲ
၁၂	ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ **- ရသေ့ပျံဂူဒေသ**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်၊	၂/၂၀၀၈ ၁၆-၆-၂၀၀၈
၁၃	ကရင်ပြည်နယ်၊ ဘားအံမြို့နယ်အတွင်းရှိ **-ကော့ဂွန်းဂူဒေသ**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်၊	၂/၂၀၀၈ ၁၆-၆-၂၀၀၈
၁၄	ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင်၊ ကျောက်တံတားမြို့နယ် **- ဆူးလေစေတီတော်(ကျိုက်အသုတ်စေတီ) နှင့်ယင်းစေတီတည်ရှိရာပရိဝုဏ်**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊	၃/၂၀၀၈ ၄-၇-၂၀၀၈
၁၅	ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ စမ်းရွာရှိ **-မောင်းတီးစေတီတော်နှင့် ယင်းစေတီတည်ရှိရာ ပရိဝုဏ်**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊	၄/၂၀၀၈ ၄-၇-၂၀၀၈
၁၆	ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အနောက်ပိုင်းခရိုင် ဆိပ်ကမ်းမြို့နယ်အတွင်းရှိ **-ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦး စေတီတော်နှင့် ယင်းစေတီတည်ရှိရာပရိဝုဏ်**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊	၅/၂၀၀၈ ၄-၇-၂၀၀၈
၁၇	ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်အတွင်းရှိ **-ရွှေဘုန်းပွင့်စေတီတော်နှင့် ယင်းစေတီတည်ရှိရာပရိဝုဏ်**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊	၆/၂၀၀၈ ၄-၇-၂၀၀၈
၁၈	ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ်အတွင်းရှိ **-အတုလာမိပတိမဟာမုနိသကျကိုးထပ်ကြီး ဘုရားနှင့် ယင်းဘုရားတည်ရှိရာပရိဝုဏ်**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊	၇/၂၀၀၈ ၄-၇-၂၀၀၈
၁၉	ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ် **-ကျိုက္ကလို့စေတီတော်နှင့် ယင်းစေတီတည်ရှိရာပရိဝုဏ်**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊	၈/၂၀၀၈ ၄-၇-၂၀၀၈
၂၀	မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ကျောက်ဆည်မြို့နယ် **-မြင်စိုင်းမြို့ဟောင်းဒေသ**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်၊	၉/၂၀၀၈ ၂၅-၈-၂၀၀၈
၂၁	မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် **-ပင်းယဒေသ**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန် ကာကွယ်ထိန်းသိမ်းထားသောဇုန်၊	၁၀/၂၀၀၈ ၂၅-၈-၂၀၀၈
၂၂	မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ် **-ပလိပ်ဒေသ(ဇုန် ၁၊ ဇုန် ၂၊ ဇုန် ၃)** **-ရတနာလာဘမုနိ ဆုတောင်းပြည့် (မြွေဘုရား)** **-ဗန်းမော်ကျောင်း** **-ကျိတ်ကုန်းကျောင်း** **-ပါဠိလိကျောင်း** **-ဇောခိကျောင်း** **-လေးထပ်ကျောင်း** **-နောက်တော်ပါကျောင်း**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်၊	၁၁/၂၀၀၈ ၂၅-၈-၂၀၀၈
၂၃	ရခိုင်ပြည်နယ်၊မြောက်ဦးမြို့နယ် **-မြောက်ဦးမြို့ဟောင်း**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်၊	၁/၂၀၀၉ ၅-၁၁-၂၀၀၉
၂၄	မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်အတွင်းရှိ **-စလေဒေသ**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊	၂/၂၀၀၉ ၅-၁၁-၂၀၀၉
၂၅	ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်အတွင်းရှိ **-ရွှေတိဂုံစေတီတော်**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊ ကာကွယ်ထိန်းသိမ်းထားသောဇုန်၊	၃/၂၀၀၉ ၅-၁၁-၂၀၀၉
၂၆	ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ် **-ကျိုက်မှော်ဝန်းစေတီတော်**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်၊	၄/၂၀၀၉ ၅-၁၁-၂၀၀၉
၂၇	ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်အတွင်းရှိ **-ငါးထပ်ကြီးဘုရား**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊	၅/၂၀၀၉ ၅-၁၁-၂၀၀၉
၂၈	ရန်ကုန်တိုင်းဒေသကြီး၊ဗဟန်းမြို့နယ်အတွင်းရှိ **-ခြောက်ထပ်ကြီးဘုရား**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊	၆/၂၀၀၉ ၅-၁၁-၂၀၀၉
၂၉	ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်အတွင်းရှိ **-ကျိုက္ကလဲ့စေတီတော်**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊	၇/၂၀၀၉ ၅-၁၁-၂၀၀၉
၃၀	ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်အတွင်းရှိ **-ကျိုက်ဝိုင်းစေတီတော်**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊	၈/၂၀၀၉ ၅-၁၁-၂၀၀၉
၃၁	ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်အတွင်းရှိ **-ကျိုက္ကဆံစေတီတော်**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊	၉/၂၀၀၉ ၅-၁၁-၂၀၀၉
၃၂	ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်အတွင်းရှိ **-ရွှေဆံတော်စေတီတော်**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊	၁၀/၂၀၀၉ ၅-၁၁-၂၀၀၉
၃၃	ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ပါဒကြီးစံပြကျေးရွာရှိ **-ကျိုက်ပါဒကြီးဆံတော်ရှင်စေတီတော်**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊	၁၁/၂၀၀၉ ၅-၁၁-၂၀၀၉
၃၄	ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကြီးကျေးရွာအုပ်စုအတွင်းရှိ **-ကျိုက်ခေါက်စေတီတော်**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊	၁၂/၂၀၀၉ ၅-၁၁-၂၀၀၉
၃၅	စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ပုလဲမြို့နယ်အတွင်းရှိ **-ပရိုင်းမိတ်နှင့်ကျောက်ဖြစ်ရုပ်ကြွင်းများ တွေ့ရှိရာ ကျစ်ချောင်းများ**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊	၁/၂၀၁၀ ၂၄-၃-၂၀၁၀
၃၆	မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ မြိုင်မြို့နယ်အတွင်းရှိ **-ပရိုင်းမိတ်ရှေးဟောင်းဒေသများ**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊	၂/၂၀၁၀ ၂၄-၃-၂၀၁၀
၃၇	ကချင်ပြည်နယ်၊ မြစ်ကြီးနားခရိုင်၊ ဝိုင်းမော်မြို့နယ်ရှိ **-မိုင်းမော-ဝိန်းကျွမ်မြို့ဟောင်း**	ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံ တည်ရှိရာဇုန်၊	၃/၂၀၁၀ ၅-၄-၂၀၁၀

စံ(၅)ရပ်ညီကျေးရွာစာကြည့်တိုက်များဖြစ်ပေါ်ရေး စာအုပ်စာစောင်များလှူဒါန်း

ပြည် ဩဂုတ် ၂၈

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော စံ(၅)ရပ်နှင့်အညီ ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များဖြစ်ပေါ်ရေး အတွက် ပြည်မြို့ ရွှေကူရပ်ကွက် လမ်းရှည်လမ်းနေကွယ်လွန်သူဦးမင်းဟန်၏ ဆန္ဒအရ ကျန်ရစ်သူဇနီး ဒေါ်ဝေဝေ (ကျားပုံမကောက်ဆေးပေါ့လိပ်လုပ်ငန်း၊ မင်္ဂလာဂါးဒင်းဟိုတယ်) မိသားစုက ငွေကျပ် ကိုးသိန်းခုနစ် သောင်းတန်ဖိုးရှိ စာအုပ်စာစောင်မျိုးစုံ ၂၁၅၀ လှူဒါန်းပွဲကို ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပရာ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင်အောင်ညွန့်နှင့် ပြည်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဘဏ္ဍာရေးမှူး ဦးရွှေဝင်းတို့က လက်ခံရယူပြီး ဂုဏ်ပြုလက်မှတ်ပေးအပ်သည်။ **(အပေါ်ဝဲပုံ)**

(ပြန်/ဆက်)

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်စာသင်ကျောင်းများတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ခြင်နိုင်ဆေးဖျန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ဩဂုတ် ၂၃ ရက်က အမှုဆောင် အရာရှိ ဦးတင်ကိုကိုနှင့် လက်ထောက်အင်ဂျင်နီယာဦးအေးမင်းတို့ ကြီးကြပ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)



နေပြည်တော် မြန်မာ့အသံ ရေဒီယိုအစီအစဉ်

(တနင်္ဂနွေနေ့-နံနက်-နေ့လယ်-ည)

၂၉-၈-၂၀၁၀

၇း၀၀ အဖွင့်တီးလုံး+နှုတ်ခွန်းဆက် နိုင်ငံတော်သီချင်း+ကြေညာချက်
၇း၀၅ တရားတော် တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ (အာဠာနာဋိယသုတ်နှင့် ဂုဏ်တော်ကွန်ချာ) ဓမ္မပူဇာတေးပဒေသာ
၇း၃၀ (၃၈)ဖြာမင်္ဂလာ
၇း၃၅ နံနက်ခင်းတေးပဒေသာ
၈း၀၀ စံတော်ချိန်+သတင်း
၈း၁၀ နံနက်ခင်းတေးပဒေသာ
၈း၃၀ ဘဝအသွင်ကဗျာ့အမြင် (တောင်ကျရေ)
၈း၃၅ တေးပဒေသာ
၁၀း၀၀ မွေးနေ့လက်ဆောင်
၁၀း၃၀ သတင်းစာအာဘော်
၁၀း၃၅ သန်စွမ်းကျန်းမာကိုယ်ခန္ဓာ (အရိုးများကို ဂရုပြုပါ)
၁၀း၄၀ တေးစီးရီး (ကြည်နူးခွင့်-တေးသံရှင်များ)
၁၁း၀၀ နေ့လယ်ခင်းသတင်း
၁၁း၁၀ ဆိုကြပျော်ရွှင်တေးသံစဉ်
၁၂း၀၀ စံတော်ချိန် ကလေးအစီအစဉ် (ကလေးများအတွက်ပုံပြင်-ဒရယ်နှင့်သူ့မိတ်ဆွေများ)
၁၂း၁၀ ဘဝတစ်ကွေ့အတွေ့အကြုံ (ဘဝမကူးမီ ကြိုတင်ကောင်းမှု နေ့တိုင်းပြု) နေ့လယ်ခင်းတေးပဒေသာ
၁၂း၃၀ စာအုပ်စာပေလှူမိတ်ဆွေ ၁။ ဘာအရေးကြီးဆုံးလဲ -စာရေးဆရာများ ၂။ အဆိပ်သင့်မိဘမေတ္တာနှင့် အခြားလက်ရွေးစင်စာစုများ (မောင်သိန်းလွင်)
၁၂း၅၀ နေ့လယ်ခင်းတေးပဒေသာ
၁း၀၀ မွန်းလွဲပိုင်းသတင်း
၁း၁၀ သိလိုသမျှမေးကျန်းမာရေး တေးပဒေသာ
၁း၃၀ အစီအစဉ်ပြီး၏။
၄း၀၀ အဖွင့်တီးလုံး+ကြေညာချက် ညနေခင်းတေးပဒေသာ
၄း၃၀ သောတရှင်လိုရာတေး
၅း၀၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
၅း၂၅ သတင်းစာဆောင်းပါး
၅း၃၀ ညနေခင်းတေးပဒေသာ
၅း၃၅ တို့ပြန်ဖြေကြားအနုပညာရှင်များ (အကြည်တော်)
၆း၀၀ ညနေခင်းသတင်း
၆း၁၀ တေးချစ်သူရွေးသီတေးပန်းချီ
၆း၃၀ သုတစုံကြွယ်သိစေဖွယ် (တန်ခိုးရှင်တောင် ဝဠ်ကိုမရှောင်နိုင်)
၆း၄၅ တေးပဒေသာ
၇း၀၀ နိုင်ငံတကာသတင်း
၇း၁၀ Talk on Line (ဗညားဟန်) နိုင်ငံရေးဦးတည်ချက်
၇း၃၀ တေးပဒေသာ
၈း၀၀ ပြည်တွင်းသတင်း
၈း၂၀ ဖျော်ဖြေသီကြွေး သူ့အလှည့်တေး (ဆောင်းဦးလှိုင်) စီးပွားရေးဦးတည်ချက်
၈း၄၀ လယ်ယာစီးပွား (ဂေါ်ဖီစိုက်ပျိုး ဝင်ငွေဖြိုး)
၈း၅၀ တေးပဒေသာ လူမှုရေးဦးတည်ချက်
၉း၀၀ ခံစားနားဆင်မြန်မာတေးသံစဉ်
၉း၁၅ ညချမ်းချိန်ခါတေးပဒေသာ
၉း၃၀ ခေတ်မရွေးသောတေး
၁၀း၀၀ အစီအစဉ်ပြီး၏။

အထူးကုဆရာဝန်ကြီးများ အခမဲ့ ကွင်းဆင်းဆေးကုသဆောင်ရွက်ပေးနေမှု ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး ကြည့်ရှုအားပေး

ရန်ကုန်　　ဩဂုတ်　　၂၈

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး၊ ရန်ကုန်မျက်စိအထူးကုဆေးရုံကြီး၊ ရန်ကုန်နား၊ နှာခေါင်း၊ လည်ချောင်း ဆေးရုံကြီးတို့မှ အထူးကု ဆရာဝန်ကြီးများက ရန်ကုန်မြို့ စမ်းချောင်းမြို့နယ်ရှိ ကျန်းမာရေးဦးစီးဌာန၌ အခမဲ့ ကွင်းဆင်းဆေးကုသ ဆောင်ရွက်ပေးနေမှုတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး လူနာများအား အားပေးစကားပြောကြားသည်။

ထိုသို့ ဆေးကုသမှု ဆောင်ရွက်ကြရာတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမျိုးခင် ဦးဆောင်သောအဖွဲ့ကလည်း အသည်းရောင်အသားဝါ (ဘီ) ရောဂါ အခမဲ့စစ်ဆေးပေးခြင်း၊ အသည်းရောင် အသားဝါ(ဘီ) ကာကွယ်ဆေး အခမဲ့ထိုးနှံပေးခြင်းနှင့် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာ ဌာနကလည်း ရောဂါရှာဖွေစစ်ဆေးပေးခြင်းတို့ကို အခမဲ့ ဆောင်ရွက်ပေးကြသည်။

အလားတူ သားဖွားနှင့် မီးယပ်လူနာ ၁၃ ဦး၊ ကလေးလူနာ ၁၉ ဦး၊ အထွေထွေရောဂါလူနာ ၆၄ ဦး၊ မျက်စိရောဂါ လူနာ ၁၇၇ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ လူနာ ၁၅ ဦးတို့အား အခမဲ့စမ်းသပ် စစ်ဆေးကုသပေးခဲ့ကြပြီး ခွဲစိတ်ကုသရန် လိုအပ်သော လူနာများအားလည်း အထူးကုဆေးရုံကြီးများသို့ ဆက်လက် လွှဲပြောင်းပို့ဆောင်ပေးသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဌာနမှ တိုင်းရင်းဆေးသမားတော်များကလည်း လူနာ ၃၅ ဦးတို့အား အခမဲ့ ကုသပေးကြသည်။

ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုးသည် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဗဟိုအမျိုးသမီးဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် ပါမောက္ခ/ဌာနမှူးများ၊ ပါမောက္ခများ၊ အထူးကုဆရာဝန်ကြီးများ၊ လက်ထောက်ဆရာဝန်များ၊ သူနာပြုများနှင့် ဆေးရုံဝန်ထမ်းများအား တွေ့ဆုံပြီး ရောဂါဗေဒဌာန၊ ဓာတ်မှန်ဌာန၊ သွေးဗေဒဌာနနှင့် အသားမျှင်ဌာနတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❖ ကျောဖုံးမှ

အမှတ်(၀/၀)မှစ၍ စက်ယန္တရားများဖြင့် လမ်းချဲ့ခြင်း၊ လမ်းအနိမ့်အမြင့်ဖြေခြင်းနှင့် ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေတို့ကို လမ်းတစ်လျှောက် မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး မိုင်တိုင်အမှတ်(၃/၇)တွင် ကွန်ကရစ်ရေပြွန်(Box Culvert) တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကာ ရွှေပန်းရွာအနီးရှိ ရွှေဘုံသာလမ်းစခန်း ရှင်းလင်းဆောင်သို့ ရောက်ရှိသည်။

ရှင်းလင်းဆောင်တွင် ဝန်ကြီးအား အင်ဂျင်နီယာချုပ် ဦးဝင်းဖေက နေပြည်တော် - တောင်ညို - မြို့သစ်- ကန်ပြား(မကွေး) ကားလမ်းသစ် ၁၀၇ မိုင်နှစ်ဖာလုံအား လမ်းအထူးအဖွဲ့နှစ်ဖွဲ့၊ ခရိုင်အဖွဲ့လေးဖွဲ့နှင့် ကုမ္ပဏီအဖွဲ့ ၁၁ ဖွဲ့ စုစုပေါင်း ၁၇ ဖွဲ့ဖြင့် လုပ်ငန်းများအပိုင်းလိုက်ခွဲ၍ ဆောင်ရွက်နေမှုအခြေအနေ၊ တံတားများနှင့် ကွန်ကရစ်ရေပြွန်များ တည်ဆောက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက ကားလမ်းသစ်ဖြစ်သည့်အတွက် အောက်ခံသိပ်သည်းမှုရရှိအောင် အထပ်ထပ်ကြိတ်ပြီးမှ ကျောက်ခင်းရန်၊ လမ်းကိုကျယ်ရန်၊ ဖြောင့်ရန်၊ အနိမ့်အမြင့် ပြေပြစ်အောင် ဆောင်ရွက်ရန်၊ တံတားများ၊ ကွန်ကရစ်ရေပြွန် (Box Culvert) များကိုလည်း သတ်မှတ်စံချိန်စံညွှန်း ပြည့်မီအောင် ဆောင်ရွက်ရန်မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် လုပ်ငန်းဆောင်ရွက်နေသည့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။

ယင်းနောက် ဝန်ကြီးသည် နေပြည်တော် - တောင်ညို - မြို့သစ် - ကန်ပြား (မကွေး) ကားလမ်းသစ် မိုင်တိုင်အမှတ် (၆၅/၀)မှ (၇၀/၀)အပိုင်းတွင် မင်းဘူးခရိုင်က ကျောက်ခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ၊ မိုင်တိုင်အမှတ် (၇၀/၀)မှ (၇၅/၀)အပိုင်းတွင် King General Service Co.,Ltd. က ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေနှင့် မိုင်တိုင်အမှတ်(၇၅/၀)မှ (၈၀/၄)အပိုင်းတွင် မကွေးခရိုင်က ကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေတို့ကို အသေးစိတ်လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းက ကျန်းမာရေး၊ လူမှုရေးနှင့် ဘာသာရေး ကုသိုလ်ဖြစ်အဖွဲ့များသို့ အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန်　　ဩဂုတ်　　၂၈

ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်းက ကျန်းမာရေး၊ လူမှုရေးနှင့် ဘာသာရေးကုသိုလ်ဖြစ်အဖွဲ့များသို့ အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးရှိ ကရဝိက်နန်းတော်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ) ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ် အေဘယ်လ် (ငြိမ်း)နှင့် အဖွဲ့ဝင်များ၊ ဝန်ထမ်းများ၊ အမွေထိန်းအဖွဲ့ဝင် လူကြီးများ၊ ကျန်းမာရေး၊ လူမှုရေးနှင့် ဘာသာရေးကုသိုလ်ဖြစ်အဖွဲ့ ၁၈ ဖွဲ့တို့မှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းနာယက ဗိုလ်မှူးချုပ် အေဘယ်လ်(ငြိမ်း)က အလှူငွေများ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး "HOSPICE" တည်ထောင်ခြင်းနှင့် စပ်လျဉ်းသည့် မှတ်တမ်းဗွီစီဒီကို ပြသသည်။

ထို့နောက် ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်းနာယကနှင့် အဖွဲ့ဝင်များက ဦးလှထွန်း မကွယ်လွန်မီက ဆန္ဒပြုခဲ့သော ကျန်းမာရေး၊ လူမှုရေးနှင့် ဘာသာရေးကုသိုလ်ဖြစ် အဖွဲ့ ၁၈ ဖွဲ့တို့သို့ အလှူငွေကျပ် ၇၂၅ သိန်းကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် နာယက ဗိုလ်မှူးချုပ် အေဘယ်လ်(ငြိမ်း)က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ) ဖောင်ဒေးရှင်း(ရန်ကုန်)ကို ၂၀၀၀ပြည့်နှစ် စက်တင်ဘာ ၂ ရက်တွင် လည်းကောင်း၊ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း (မန္တလေး)ကို ၂၀၀၃ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် လည်းကောင်း တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ဦးလှထွန်းသည် ကင်ဆာဝေဒနာရှင်များအား သားသမီးများသဖွယ် ပြုစုစောင့်ရှောက်နေစဉ် ၂၀၀၆ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် ကွယ်လွန်ခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကွယ်လွန်သူ ဆရာကြီး ဦးလှထွန်းက ကျန်းမာရေး၊ လူမှုရေးနှင့် ဘာသာရေးကုသိုလ်ဖြစ် အဖွဲ့များသို့ အလှူငွေများပေးအပ်လှူဒါန်းပွဲတွင် ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ ဖောင်ဒေးရှင်း) နာယက ဗိုလ်မှူးချုပ် အေဘယ်လ်(ငြိမ်း)က ကျန်းမာရေး၊ လူမှုရေးနှင့် ဘာသာရေးကုသိုလ်ဖြစ် အဖွဲ့များသို့ အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။

(သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး သက္ကလစ်ပြကျေးရွာတွင် သောက်သုံးရေရရှိရေးအတွက် အဝီစိတွင်းတူးဖော်ရန် မြောက်ဥက္ကလာပမြို့နယ် (စျ) ရပ်ကွက်နေ မုံရွာဆရာမိုး(ဒေါ်သိန်းမှီ)၊ သား-ဗိုလ်ကြီး ကျော်ကိုကိုရှိန်း၊ သမီး-မိုးပြည့်ပြည့်ဖြိုး၊ မြေး-မောင်ကျော်ကိုကိုဆက်နိုင် (မုံရွာဆရာမိုး ရှောက်တစ်လုံးဝမ်းမှန်ဆေးမိသားစု) တို့က အဝီစိတွင်းတူးဖော်ရန် ကုန်ကျစရိတ်ငွေကျပ်ငါးသိန်းကို အကျိုးတော်ဆောင် ဦးမြသောင်းထံ ဩဂုတ် ၂၈ ရက်က ပေးအပ်လှူဒါန်းစဉ်။

(၆၇)

ဇီးကုန်းမြို့နယ်၌ မိုးနှမ်းများရိတ်သိမ်း

ဇီးကုန်း　　ဩဂုတ်　　၂၈

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ဇီးကုန်းမြို့နယ် ၂၀၁၀-၂၀၁၁ ခုနှစ်လယ်ယာကဏ္ဍစီးပွားရေးတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု၊ မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် မြန်မာ့လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတို့မှ ကြီးကြပ်၍ မြို့နယ်အတွင်း ကျေးရွာအုပ်စုများတွင် မိုးရာသီဆီထွက်သီးနှံ၊ မိုးမြေပဲ ၄၈ ဧကနှင့် မိုးနှမ်း ၂၈၅ ဧကတို့အား စိုက်ပျိုးခဲ့ကြသည်။

ရိတ်သိမ်းလျက်ရှိ

ယခုအခါ မိုးရာသီဆီထွက်သီးနှံ မိုးနှမ်းများ အောင်မြင်ဖြစ်ထွန်းပြီး နှမ်းများရင့်မှည့်နေပြီဖြစ်၍ နှမ်းတောင်သူကြီးများ မိုးနှမ်းများ ရိတ်သိမ်းနေလျက်ရှိကြောင်း သိရှိရသည်။

(၂၈၉)

ပခုက္ကူဦးအုံးဖေ စာပေဆု ၂၀၁၀ ခုနှစ်အတွက် စာမူများ အောက်တိုဘာလကုန်အထိ တင်သွင်းနိုင်

ရန်ကုန်　　ဩဂုတ်　　၂၈

ပခုက္ကူဦးအုံးဖေ စာပေဆုပြိုင်ပွဲကို နှစ်စဉ်ကျင်းပလျက်ရှိရာ ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေ ဘာသာရပ်ငါးမျိုးအတွက် စာမူများကို လက်ခံလျက်ရှိသည်။

ပြိုင်ပွဲဝင်စာမူအတွက် သတ်မှတ်ထားသည့်ပုံစံဖြင့် လက်ခံမည်ဖြစ်ပြီး ပုံစံနှင့်စည်းကမ်းချက်များကို စာပေဗိမာန်စီမံရေးရာဌာနတွင် ငွေကျပ် ၁၀၀ ဖြင့် ဝယ်ယူနိုင်သည်။ နယ်မှမှာယူလိုသူများသည် ငွေကျပ် ၂၀၀ ကို ငွေသားဖြင့် ပေးပို့မှာယူနိုင်ကြောင်းသိရသည်။

၂၀၁၀ ခုနှစ်အတွက် ပြိုင်ပွဲဝင်မည့် စာမူများကို အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား၍ အတွင်းရေးမှူး၊ ပခုက္ကူဦးအုံးဖေ စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့၊ ၅၂၉-၅၃၁ ကုန်သည်လမ်း စာပေဗိမာန်ရုံး ရန်ကုန်မြို့သို့ တင်သွင်းနိုင်ပြီး တယ်လီဖုန်းအမှတ်-၀၁-၃၈၁၄၄၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၉-၈-၂၀၁၀ (တနင်္ဂနွေနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ ပရိတ်နိဒါန်း၊ မင်္ဂလသုတ်
- ၅:၁၅ MRTV-4 သတင်း
- ၆:၀၀ "နှောင်ဖွဲ့မမြင်သံယောဇဉ်" တရားတော် (၂) (ဆရာတော်ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ)
- ၇:၀၀ MRTV-4 သတင်း
- ၇:၄၅ ရန်ကုန်မြင်ကွင်းကျယ် (World Food Festival 2010 အတွေ့အကြုံရှင်းလင်းပွဲ)
- ၈:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၂)**
- ၈:၄၀ 7 Golden Girls Live Show (Part-7)
- ၉:၃၅ Sunday Talk [မျိုးမြတ်သူ၊ ကိုကို(စက်မှုတက္ကသိုလ်]
- ၁၀:၃၅ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်"
- ၁၁:၁၅ ဗီဒီယိုပြခန်း
- ၁၁:၃၀ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ပညာပေးဆွေးနွေးပွဲ (Forum on Nanotechnology)
- ၁၁:၄၅ ဒီဂျစ်တယ် အလှကမ္ဘာ
- ၁၂:၀၅ Activities In The City (နာဂလိုဏ်ဂူကုသိုလ်ယူ ကလေးဝတောရမွေးနေ့အလှူ)
- ၁၂:၁၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၅)
- ၁၂:၄၀ ကျန်းမာလှပသွယ်လျဖို့ SMART GIRL ကို သွားကြစို့
- ၁:၀၀ "နှောင်ဖွဲ့မမြင်သံယောဇဉ်" တရားတော် (၂) (ဆရာတော်ဓမ္မဒူတဒေါက်တာ အရှင်ပညိဿရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၄၅ စကားနပန်း (စပ်စုတာကောင်းတယ်၊ မစပ်စုတာကောင်းတယ်)
- ၃:၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၂)**
- ၄:၃၀ စိန်ကြယ်ပွင့်တို့ရဲ့သားအိမ်ခေါင်း ကင်ဆာစကားဝိုင်း (ဒေါက်တာမေသူမျိုးညွန့်၊ တင်မိုးလွင်၊ အိန္ဒြာကျော်ဇင်၊ ချစ်သုဝေ)
- ၄:၅၀ Activities In The City (နာဂလိုဏ်ဂူကုသိုလ်ယူ ကလေးဝတောရမွေးနေ့အလှူ)
- ၄:၅၅ ဒီဂျစ်တယ် အလှကမ္ဘာ
- ၅:၁၅ မြန်မာနိုင်ငံဝိဇ္ဇာနှင့်သိပ္ပံပညာရှင်အဖွဲ့ပညာပေးဆွေးနွေးပွဲ (Forum on Nanotechnology)
- ၅:၄၀ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ ချစ်တဲ့ကာလပေါ်တေးအရသာ (ဂီတရိပ်သာ-၂၅)
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 ကာတွန်းအစီအစဉ်
- ၆:၅၀ Shooting Making ("လောကမှာ ငွေဟာလေ" ဇာတ်ကားရိုက်ကွင်း)
- ၇:၀၅ မြတ်နိဗ္ဗူသို့ မျှော်ရည်မှန်း အနာဂါမ်ဆရာသက်ကြီး ဝိပဿနာအဖွဲ့ချုပ်တရားစခန်း
- ၇:၁၅ ဗီဒီယိုပြခန်း
- ၇:၃၀ FMF Selection
- ၈:၀၀ MRTV-4 သတင်း
- ၈:၂၅ Barclays Premier League (Liverpool Vs West Bromwich)
- ၁၀:၂၅ စကားနပန်း (စပ်စုတာကောင်းတယ်၊ မစပ်စုတာကောင်းတယ်)
- ၁၁:၂၀ **MRTV-4ရုပ်သံဇာတ်လမ်းတွဲ "ပြောင်းလဲမရတဲ့အချစ်" (အပိုင်း-၉၂)**
- ၁၂:၀၀ အနုပညာရပ်ဝန်းမှရင်ခုန်သံများ "ကျောက်သင်ပုန်းတွေ မိုးထားတဲ့အိမ်"
- ၁၂:၃၅ လူဖြစ်ရှုံးပါပြီကွာ. . . (ရုပ်ရှင်သရုပ်ဆောင်များ) (ဒါရိုက်တာ-ညီညီထွန်းလွင်)
- ၁၂:၄၀ ရှေးမူမပျက် ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ
- ၁:၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုးVHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၆:၅၅	Bolton - Birmingham	ESPN (Live)
၈:၂၅	Liverpool - West Bromwich	STAR SPORTS (Live)
၉:၂၅	Aston Villa - Everton	ESPN (Live)
၁၁:၃၀	Sunderland - Man City	ESPN (SDD)

*** ပွဲစဉ်အပြောင်းအလဲရှိနိုင်ပါသည်။**

အရှေ့ရွှေဂုံတိုင်ရပ်ကွက် အားဖြည့်စက်ရေတွင်းဖွင့်ပွဲ ရန်ကုန်မြို့တော်ဝန် ဦးအောင်သိန်းလင်း တက်ရောက်

ရန်ကုန် ဩဂုတ် ၂၈

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုး၊ ကော်မတီဝင်များနှင့် ဌာနမှူးများလိုက်ပါ၍ ယနေ့နံနက် ၇ နာရီခွဲတွင် ရန်ကုန်အနောက်ပိုင်းခရိုင် ဗဟန်းမြို့နယ် အရှေ့ရွှေဂုံတိုင်ရပ်ကွက်ရှိ အောင်ချမ်းသာအိမ်ရာ၌ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)က နည်းပညာပံ့ပိုးမှုဖြင့် ဆောင်ရွက်ပြီးစီးသည့် အားဖြည့်စက်ရေတွင်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးအောင်သန်းဝင်း၊ မြို့မိမြို့ဖများဖြစ်ကြသည့် ဒေါက်တာမောင်မောင်ဝင့်၊ ဒေါက်တာဘရွှေ၊ ဦးရဲအောင်တို့နှင့်အတူ စက်ရေတွင်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် မြို့တော်ဝန်က စက်ခလုတ်နှိပ်၍ စက်ရေတွင်းရေဘားကို ဖွင့်ပေးပြီး ရေစတင်လွှတ်ပေးသည်။

ဆက်လက်၍ မြို့တော်ဝန်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် တာဝန်ရှိသူများအား ရပ်ကွက်ဥက္ကဋ္ဌ ဦးကံသိန်းက စက်ရေတွင်းဖွင့်ပွဲအထိမ်းအမှတ် အလံငယ်များကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများအား ဌာနမှူးဦးသန်းထိုက်၊ ဒုတိယဌာနမှူး ဦးအောင်ဆန်းဝင်း၊ လက်ထောက်ဌာနမှူး အင်ဂျင်နီယာ ဦးမျိုးသိန်း၊ အင်ဂျင်နီယာ ဦးကျော်ကျော်ဆန်းတို့က ရေဂါလန် ၂၄၀၀၀ ဆံ့ရေလှောင်ကန်၊ Ground Tank များနှင့် တိုက်ခန်းနေအိမ်များသို့ ရေသွယ်ယူရရှိမှုအဆင့်ဆင့်ကို လှည့်လည်ပြသသည်။

ယနေ့ဖွင့်လှစ်သည့် အားဖြည့်စက်ရေတွင်းသည် အချင်း ရှစ်လက်မရှိ စက်ရေတွင်းဖြစ်ပြီး တစ်နာရီလျှင် ရေဂါလန် ခြောက်ထောင်ခန့် ထွက်ရှိကာ အောင်ချမ်းသာအိမ်ရာရှိ တိုက်ခန်းပေါင်း ၃၉၆ ခန်းသို့ သောက်သုံးရေဖူလုံစွာ ဖြန့်ဝေပေးနိုင်မည်ဖြစ်ပြီး ရေလှောင်ကန်အတွင်းသို့ ထည့်သွင်းသိုလှောင်နိုင်ရန် တိုက်ခန်းများသို့ တိုက်ရိုက်ဖြန့်ဝေပေးနိုင်ရန်နှင့် အချိန်အခါရာသီမရွေး ပေးဝေနိုင်ရန် စီစဉ်ဆောင်ရွက်ထားကြောင်း သိရသည်။ (၁၉)

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးအောင်သိန်းလင်း အမှူးပြု၍ စက်ရေတွင်းအား ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးစဉ်။ (၁၉)

မုတ်သုံလေ အားအသင့်အတင့်ရှိမည်

နေပြည်တော် ဩဂုတ် ၂၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ပဲခူးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မန္တလေးတိုင်းဒေသကြီးတွင် ဒေသအလိုက်နှင့် ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(ရေဆင်း)တွင် ၃ ဒသမ ၃၅ လက်မ၊ ပျဉ်းမနားမြို့နယ်တွင် ၃ ဒသမ ၁၁ လက်မ၊ ခန္တီးမြို့တွင် ၄ ဒသမ ၉၆ လက်မ၊ ကော့ကရိတ်မြို့တွင် ၃ ဒသမ ၆၂ လက်မ၊ ကျောက်တော်မြို့တွင် ၃ ဒသမ ၄၂ လက်မ၊ မုဒုံမြို့တွင် ၃ ဒသမ ၀၃ လက်မ၊ ကျိုက္ခမီမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ဘားအံမြို့တွင် ၂ ဒသမ ၆၀ လက်မနှင့် အောင်လံမြို့တွင် သုည ဒသမ ၉၄ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဩဂုတ် ၂၉ ရက် ညနေထိခန့်မှန်းချက်။ ။ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့် ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် (၃၃ဒသမသုည ဒီဂရီစင်တီဂရိတ်)၉၁ဒီဂရီဖာရင်ဟိုက်	၂၇-၈-၂၀၁၀
အနိမ့်ဆုံးအပူချိန် (၂၄ဒသမသုညဒီဂရီစင်တီဂရိတ်) ၇၅ ဒီဂရီဖာရင်ဟိုက်	၂၈-၈-၂၀၁၀
၉း၃၀ နာရီအချိန် စိုထိုင်းဆ ၉၂ ရာခိုင်နှုန်း	၂၈-၈-၂၀၁၀
မိုးရေချိန် ၃ ဒသမ ၃၅ လက်မ	၂၈-၈-၂၀၁၀

မြန်မာနိုင်ငံ လက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက်လက်ဝှေ့ပြိုင်ပွဲများ ကျင်းပပြီးစီး

ရန်ကုန် ဩဂုတ် ၂၈

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား အမျိုးသားတံခွန်စိုက် လက်ဝှေ့ပြိုင်ပွဲကို ဩဂုတ် ၂၃ ရက်မှ ၂၇ ရက်အထိ အောင်ဆန်းအားကစားပြိုင်ပွဲရုံ၌ နေ့စဉ် ညနေ ၃ နာရီမှ စတင်ကျင်းပခဲ့ရာ အမျိုးသားအလွတ်တန်းနှင့် သက်ငယ်တန်းအမျိုးသမီးအလွတ်တန်းပြိုင်ပွဲသုံးရပ်တွင် ပွဲစဉ်ပေါင်း ၈၄ ပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့သည်။ ပြိုင်ပွဲများပြီးဆုံးသော ဩဂုတ် ၂၇ ရက် ညနေပိုင်းတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌဦးရန်ဝင်း၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော ဦးသိန်းအောင်၊ ဦးကျော်ကျော်စိုး၊ ဦးထက်လင်း၊ အထွေထွေအတွင်းရေးမှူး ဦးတင်လှိုင်နှင့် အလုပ်အမှုဆောင်များက ချီးမြှင့်ပေးကြသည်။**(အောက်ဝဲပုံ)**

ပြိုင်ပွဲသို့ ပြည်နယ်၊တိုင်းဒေသကြီး၊ ဝန်ကြီးဌာနအသင်းများနှင့် ပုဂ္ဂလိကအသင်းများ စုစုပေါင်း ၁၇ သင်းမှ ပြိုင်ပွဲဝင် ၁၀၈ ဦးပါဝင်ယှဉ်ပြိုင်ကြသည်။ ပြိုင်ပွဲတွင် ပထမဆုကျပ်တစ်သိန်း၊ ဒုတိယဆုကျပ်ငါးသောင်း၊တတိယဆု ကျပ်သုံးသောင်း ချီးမြှင့်သည်။ အတန်းလိုက် အကောင်းဆုံးလက်ဝှေ့သမားဆုများကို ကျပ်နှစ်သိန်းချီးမြှင့်သည်။ အကောင်းဆုံး လက်ဝှေ့သမားဆုများကို အမျိုးသားအလွတ်တန်းတွင် ၄၈ ကီလိုတန်းမှ ထက်အောင်(အား/ကာသိပ္ပံ၊ ရန်ကုန်)၊ အမျိုးသားသက်ငယ်တန်းတွင် ၅၂ ကီလိုတန်းမှ ကျော်မျိုးထွဋ် (အား/ကာသိပ္ပံ၊ မန္တလေး)၊ အမျိုးသမီးအလွတ်တန်းတွင် ၅၁ ကီလိုတန်းမှ နန်းသက်ထားစံ(ကရင်ပြည်နယ်)တို့ ရရှိသွားကြသည်။ (ကြေးမုံ)

ဒီမောဆိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒေါတမ-ပါဒေါဒူ(ကျေးလက်) ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်း ပစ္စည်းစုဆောင်းထားရှိမှုကို ကယားပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးဦးဝင်းမောင် ဩဂုတ် ၉ ရက်တွင် ကွင်းဆင်းစစ်ဆေးရာ ပြည်နယ်စည်ပင်အင်ဂျင်နီယာမှူး ဦးပြည့်ကြွယ်ငြိမ်းနှင့် အမှုဆောင်အရာရှိတို့ ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကမ္ဘောဇအသင်းနှင့် လက်ရှိချန်ပီယံ ရတနာပုံတို့ အိမ်ကွင်းတွင် ဂိုးပြတ်အနိုင်ရ

ရန်ကုန် ဩဂုတ် ၂၈

၂၀၁၀ MNLအမှတ်ပေးဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ်(၁၄)ကို ယနေ့ညနေ ၄ နာရီက တောင်ကြီးမြို့ရှိ KBZကွင်း မန္တလေးမြို့ရှိ ဗထူးကွင်းနှင့် ရန်ကုန်မြို့ရှိ သုဝဏ္ဏကွင်းတို့၌ ကျင်းပရာ ကမ္ဘောဇအသင်း၊ လက်ရှိချန်ပီယံရတနာပုံနှင့် Delta United အသင်းတို့ နိုင်ပွဲများရရှိခဲ့ကြသည်။

(KBZကွင်း)

ကမ္ဘောဇအသင်း - သုံးဂိုး

(နေဇော်ထက်၊ စိုးမင်းဦးနှင့် စည်သူအောင်-တစ်ဂိုးစီ)

မကွေးအသင်း - ဂိုးမရှိ

သုံးပွဲဆက်အနိုင်ရလဒ်နှင့် အတူ ကမ္ဘောဇအသင်းမှာ အမှတ်ပေးဇယား ဒုတိယနေရာတွင် ဆက်လက်ရပ်တည်နိုင်ခဲ့ပြီး ထိပ်ဆုံးမှလက်ရှိချန်ပီယံ ရတနာပုံအသင်းကို ဆက်လက်ဖိအားပေးနိုင်ခဲ့သည်။ တစ်ပတ်အတွင်း တတိယမြောက်ပွဲစဉ်ကို တောင်ကြီးမြို့အထိလာရောက်ယှဉ်ပြိုင်ကစားခဲ့ရသည့် မကွေးအသင်းမှာ ရှေ့နှစ်ပွဲတွင် ရလဒ်ကောင်းများရရှိရန် ကစားနိုင်ခဲ့သော်လည်းယခုပွဲတွင် ပွဲပန်း၊ ခရီးပန်းဒဏ်ကြောင့် အရှုံးရလဒ်ဖြင့် ရင်ဆိုင်ခဲ့ရသည်။

အသင်းကြီးနှစ်သင်း တွေ့ဆုံသောပွဲဖြစ်သလို ထိပ်ဆုံးမှ အသင်းများကို အမီလိုက်ရန်အတွက် နှစ်သင်းစလုံး အားကုန်ထုတ် ကစားခဲ့ရာ ပွဲမှာ အပြန်အလှန်ရှိသည်။ နှစ်သင်းစလုံး ဂိုးသွင်းခွင့်များအပြန်အလှန်ရရှိခဲ့ကြပြီး ကမ္ဘောဇနောက်ခံလူများနှင့် ဂိုးသမား ကျော်ဇင်ထက်တို့ အစွမ်းပြသွား၍သာ မကွေးဂိုးပြတ်ရှုံးနိမ့်သွားရခြင်းဖြစ်သည်။

မကွေးတိုက်စစ်မှူး အဘိုလာဂျီ၏ ဂိုးသွင်းရန်ကြိုးပမ်းမှုကို ကမ္ဘောဇ နောက်ခံလူများနှင့် ဂိုးသမား ကျော်ဇင်ထက်တို့ကာကွယ်စဉ်။ (ကြေးမုံ)

ကမ္ဘောဇအသင်းမှာလည်း ထိပ်ဆုံးမှ ရတနာပုံကို အမီလိုက်ရန် အားထည့်ကစားသွားပြီး အောင်မျိုးသန့် ပါလာ၍ ကွင်းလယ်ကစားပုံပိုကောင်းကာ အနိုင်ရသွားခြင်းဖြစ်သည်။ အနိုင်ဂိုးများကို ၁၄ မိနစ်တွင် နေဇော်ထက်၊ ၅၄ မိနစ်တွင် စိုးမင်းဦးနှင့် ၈၅ မိနစ်တွင် စည်သူအောင်တို့က သွင်းယူခဲ့သည်။ ကမ္ဘောဇအသင်းမှာ တိုက်စစ်တွင် စိုးမင်းဦးကို ပုံသေထားပြီး ဒုတိယပိုင်းအစတွင် စထက်နိုင်ဝင်းအစား ကျော်သီဟ၊ မိနစ် ၇၀ ကျော်တွင် ကျော်သီဟအစား စည်သူအောင်တို့ကို ထည့်ကာ အပြောင်းအလဲလုပ်သွားခဲ့သည်။

(သုဝဏ္ဏကွင်း)

Delta United - နှစ်ဂိုး

(အောင်ကျော်မျိုးနှင့်တင်ဇော်မိုး)

နေပြည်တော် - တစ်ဂိုး

(လာကျဲအိုလွယ်)

အမာခံကစားသမားများ ဖြစ်သည့် မျိုးဝင်းထွဋ်၊ ဂျိမ်းစ်နှင့် မင်းမင်းသူတို့ အပါအဝင် ကစားသမားလေးဦး ပွဲပယ်ခံထားရပြီး အားထားရသည့် တောင်ပံကစားသမား ဘမ်ဘာ ပေါင်ရိုးကျိုးဒဏ်ရာကြောင့် မပါဝင်နိုင်သော်လည်း Delta အသင်းမှာ နိုင်ပွဲရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။ပွဲအစ သုံးမိနစ်တွင် အောင်ကျော်မျိုးက Deltaအတွက် ဦးဆောင်ဂိုးစတင်သွင်းယူနိုင်သော်လည်း ၃၂ မိနစ်တွင် လာကျဲအိုလွယ်က နေပြည်တော်အတွက် ချေပဂိုး ပြန်လည်သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် Delta အသင်းကစားပုံပိုကောင်းခဲ့ပြီး အနိုင်ဂိုးကို ၈၃ မိနစ်တွင် တင်ဇော်မိုးက သွင်းယူပေးခဲ့သည်။ နေပြည်တော်အသင်းမှာ ဒဏ်ရာရကစားသမား များပြားနေ၍ အကောင်းဆုံးပုံစံမရဘဲ ရှုံးပွဲဆက်ခဲ့ခြင်းဖြစ်သည်။

(ဗထူးကွင်း)

ရတနာပုံအသင်း - နှစ်ဂိုး

(အက်စလေ)

မနောမြေ - ဂိုးမရှိ

ယနေ့ပွဲ

(သုဝဏ္ဏကွင်း)

ရန်ကုန် - Southern

ယူနိုက်တက် Myanmar

(ကြေးမုံ)

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းပွဲကျင်းပမည်

ရန်ကုန်　ဩဂုတ်　၂၈

နတ်မောက်မြို့နယ်အသင်း(ရန်ကုန်)၏ အကြိမ်(၂၀)မြောက် စုပေါင်းလှူဒါန်းပွဲကို (၁၃၇၂ ခုနှစ် ဝါခေါင်လပြည့်ကျော် ၄ ရက်) ဩဂုတ် ၂၉ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် ကမ်းနားလမ်းနှင့် နတ်စင်လမ်းထောင့်ရှိ နိုင်ငံတော် သာဓုပရိယတ္တိကျောင်းတိုက်၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်မိသားစုနှင့် မြို့နယ်သူ၊ မြို့နယ်သားများ စုပေါင်းလှူဒါန်းပွဲသို့ မပျက်မကွက် တက်ရောက်ပူဇော်ကြပါရန်နှင့် ဝတ္ထုငွေ၊ လှူဖွယ်ပစ္စည်း အစုစုတို့ကို ကျောင်းတိုက် ဖုန်း-၀၁-၅၁၂၀၆၆၊ ဦးအောင်သန်း ဖုန်း-၅၇၂၃၄၅၊ ဦးတင်ဝင်း ဖုန်း-၆၆၇၅၁၁၊ ဦးအောင်သန်းထွန်း ဖုန်း-၅၄၃၃၉၁၊ ဦးထွန်းညွန့် ဖုန်း-၅၁၇၁၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ပုဂံ-ညောင်ဦး မြို့နယ်အသင်း (ရန်ကုန်)၏ အဌမအကြိမ် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၂၂ ရက် နံနက်က ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မှန်ကျောင်း၌ ကျင်းပရာ အသင်းဥက္ကဌ ဦးသိန်းအောင် အမှာစကားပြောကြားစဉ်။ (ကြေးမုံ)

ခိုင်မြဲသမလီမိတက်စည်းဝေး

မိုးကောင်း　ဩဂုတ်　၂၈

ကချင်ပြည်နယ် မိုးကောင်းမြို့ နတ်ကြီးကုန်းရပ်ကွက် ခိုင်မြဲရောင်းဝယ်ရေး သမဝါယမအသင်း လီမိတက်၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ရွေးချယ်တင်မြှောက်ပွဲကို ဩဂုတ် ၈ ရက်က အဆိုပါရပ်ကွက် အမက(၂)၌ ကျင်းပရာ ပညာရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးထူးချွန်ဆုရ ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။

ထို့နောက် ဥက္ကဌ ဦးစောမိုးလွင်၊ အတွင်းရေးမှူး ဦးမြင့်သိန်းတို့ ပါဝင်သော ဒါရိုက်တာအဖွဲ့သစ်နှင့် အသင်းသား စာရင်းစစ်နှစ်ဦးတို့ကို ရွေးချယ်တင်မြှောက်ကြသည်။ (၄၉၉)

ပေါင်မြို့နယ်၌ စာပေဟောပြော

ပေါင်　ဩဂုတ်　၂၈

ပေါင်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ကြီးမှူးကျင်းပသော စာဖတ်ရှိန်မြင့်မားရေး အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၅ ရက်က ပေါင်မြို့နယ် ဇင်းကျိုက်အထက၌ ကျင်းပရာ ဦးခင်မောင်ဝေ (မောင်စိမ်းညို၊ ပေါင်)၊ ဦးအောင်မြင့် (ဘုန်းပွင့်ထွန်း)၊ ဦးခင်မောင်ဦး (မောင်ဦး၊ ဥတ္တံတား) နှင့် ဦးတင်မြင့် (ငှက်တောင်ပျံ-ဇင်းကျိုက်) **(အောက်ပုံ)** တို့က အသီးသီးဟောပြောခဲ့ကြကြောင်း သိရှိရသည်။ (မြို့နယ်စာနယ်ဇင်း)



ကျောက်လမ်းခင်းခြင်း ကြီးကြပ်ဆောင်ရွက်

ကသာ　ဩဂုတ်　၂၈

ကသာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ပြီးစီးခဲ့သော အမှတ်(၇)ရပ်ကွက် သမလမ်း ကျောက်လမ်းခင်းခြင်း အရှည် ၈၃၅ ပေ၊ အကျယ် ၁၂ ပေကို အငယ်တန်းအင်ဂျင်နီယာ(၂) ဦးမြင့်သန်း တာဝန်ယူဆောင်ရွက်ပြီးစီးခဲ့ရာ စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ/ မရှိ အမှုဆောင်အရာရှိ ဦးထွန်းထွန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးဗိုလ်ဗိုလ်မြင့်တို့က ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ (မြို့နယ်စည်ပင်)

ဒိုက်ဦးမြို့ အမှတ်(၈)ရပ်ကွက် ဒဂုံမန်းလမ်းနေ ဦးထွန်းတင်-ဒေါ်ခင်ကြွေ (သစ်ဆန်းထွန်း) မိသားစုက ဒိုက်ဦးမြို့ ကန်ဦး အထက ပညာရေးပဒေသာပင် ဖောင်ဒေးရှင်းရုံး အဆောက်အအုံနှင့် သင်တန်းခန်းမ ဆောက်လုပ်ရေးအတွက် ငွေကျပ်ငါးသိန်းကို ဖောင်ဒေးရှင်း အမှုဆောင်အဖွဲ့ ဥက္ကဌ ဒုတိယဗိုလ်မှူးကြီး တင်မြင့်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မြေကျယ်၊ ခြံကျယ် ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

၁။ ရန်ကုန်မြို့၊ ကျိုက္ကဆံလမ်းမကြီးပေါ် ပေ(၄၀×၉၀) နှစ်(၆၀)ဂရန်မြေ
၂။ တောင်ငူမြို့၊ ကေတုမတီ ရန်ကုန်- မန္တလေးကားလမ်းမကြီးပေါ် PIONEER စားသောက်ဆိုင်အနီး(၁၀. ၅)ဧက စက်ရုံ၊ အလုပ်ရုံ စပါးစက်လုပ်ရန် အထူးကောင်းမွန်သည်။ ရေ PH-7 ထွက်ရှိသည်။ **ဆက်သွယ်ရန်-ဖုန်း-၀၉၅၁၃၈၃၃၅၊ ၀၉၅၁၂၂၉၈၃၊ ၀၉၅၁၄၇၆၅၉၊ ၀၉၉၉၂၂၀၁၆**

စာအုပ်စာပေ လှူမိတ်ဆွေ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းစက်မှုဇုန်၊ မြေကွက်အမှတ် (၁၁၀)၊ ဧရိယာ(၂. ၁၃၁)ဧကကိုအမည်ပေါက်ဒေါ်ကြည်ကြည်ထံမှစာချုပ်စာတမ်းများဖြင့်တရားဝင်ဝယ်ယူထားသူ ဒေါ်ခင်မာအုန်း မှတ်ပုံတင်[၁၂/ဒလန(နိုင်)၀၄၅၉၄၂]မှ ပိုင်ဆိုင်မှုအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ(၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့်မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန(စီမံကိန်းဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။ **စီမံကိန်းဌာနခွဲ**
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၂၇-အေ) မြေကွက်အမှတ်-(IV-4)အရမြေဧရိယာ (၀. ၀၃၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၄၈၀)အောက်ကြည့်မြင်တိုင်လမ်း၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော အဆောက်အအုံအပါအဝင် တပ်ဆင်ပါရှိသော ပစ္စည်းများနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ရင်မေ[၁၂/ကမတ(နိုင်)၀၀၅၄၉၂]နှင့်ဒေါ်မီမီထွန်း[၁၂/ကမတ(နိုင်)၀၀၅၄၉၃]တို့ ပူးတွဲအမည်ပေါက် ပိုင်ဆိုင်ပြီးငင်းတို့ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားဖြင့် ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။ ၎င်းနေ့ရက်နောက်ပိုင်းတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ကို အပြီးချုပ်ဆိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအီနုစ်(တရားရုံးချုပ်ရှေ့နေ) (စဉ်-၅၃၄၁)
YE NOOS & ASSOCIATES (Law Firm)
အမှတ်-၁၇၆(ပထမထပ်)မိဘရိပ်မွန်အိမ်ရာ၊ ဗိုလ်တထောင်ဘုရားလမ်း၊ ရန်ကုန်မြို့၊ ဖုန်း-၃၉၇၂၃၄၊ ၃၉၇၂၃၅၊ ၂၉၆၁၃၂

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၂၉၆-ခ)၊ (ပေ၂၀ × ပေ၆၀)အကျယ်အဝန်းရှိသည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အမှတ်(၂၉၆-ခ)၊ သံသုမာလမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော ပျဉ်ထောင်၊ သွပ်မိုး၊ တစ်ထပ်နေအိမ်အား အမည်ပေါက်ပိုင်ဆိုင်သူ **ဦးမောင်ချစ်**[၁၂/ဥကတ(နိုင်)၁၁၀၆၅၉]သည် ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ၎င်း၏ တစ်ဦးတည်းသောဇနီးဖြစ်သူ **ဒေါ်လှဝင်း**[၁၂/ဥကတ(နိုင်)၁၂၇၄၇၀]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လွှဲပြောင်းဝယ်ယူသွားရန်အတွက် စရန်ငွေပေးချေထားခဲ့ပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်ကိစ္စအပေါ် အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော စာတမ်းအမှတ်အသားမူရင်းများနှင့်တကွ ကျွန်ုပ်တို့၏ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမင်းမင်းချို(စဉ်-၇၇၆၂)	**ဦးသန့်ဇင်(စဉ်-၂၅၀၆၈)**
တရားရုံးချုပ်ရှေ့နေ	**အထက်တန်းရှေ့နေ**
Ph-0950-33877, 0951-55833	**Ph-01-73051684**

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

ဦးအောင်ကြည်၊ ဦးအောင်ကြီး၊ ဒေါ်အုန်းမြင့်၊ ဒေါ်ဝင်းကြည်တို့ပိုင်ဆိုင်သော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ မြေကွက်အမှတ်(၉/၁၀/၁၁/၁၂)ဟုခေါ်တွင်သော ပေ(၁၀၀×၅၀) အကျယ်ရှိ မြေကွက်ပေါ်တွင် (၇)ထပ်တိုက်ဆောက်လုပ်ခြင်းနှင့် ပတ်သက်၍ ဦးအေးမြင့်(အမ်ဝိုင်ဂျီအင်န်-၀၀၁၄၆၆)အား ဦးအောင်ကြည် (အေဒီ-၀၀၂၅၅၃)နှင့် ဦးအောင်ကြီး[၁၂/မရက(နိုင်)၀၁၂၈၁၁]တို့က ၁၇-၉-၂၀၀၂ ရက်စွဲဖြင့် လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာအားလည်းကောင်း၊ ဒေါ်ဝင်းကြည်(အင်န်/အိုကေအေ-၀၀၅၃၂၉)က ဦးအေးမြင့်(အမ်ဝိုင်ဂျီအင်န်-၀၀၁၄၆၆)အား ၁၈-၉-၂၀၀၂ ရက်စွဲဖြင့် နိုတြီပဗ္ဗလစ် ဦးစိန်လင်းထံတွင် ၎င်းအထူးကိုယ်စားလှယ်လွှဲစာအား လွှဲအပ်ခဲ့ပါသည်။

အဆိုပါ ကိုယ်စားလှယ်လွှဲစာ(၂)စောင်ကို ၂၅-၈-၂၀၁၀ ရက်မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်သီဟ(LL.B)	**ဒေါ်စုစုထွန်း(LL.B, D.B.L)**	**ဒေါ်ဝါဝါဝင်းစိန် (LL.B, D.B.L)**
စဉ်-၂၈၁၄၁	**စဉ်-၂၈၁၅၅**	**စဉ်-၂၄၆၄၆**

အထက်တန်းရှေ့နေများ
တိုက်အမှတ်(၉/၁၁)၊ အခန်း-၃၀၅(တတိယထပ်)၊ ၃၆-လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ အင်းဝ(၃)လမ်း၊ အမှတ်-၂၄၉ ဟု ခေါ်တွင်သော အဆောက်အအုံတည်ရှိရာ ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အိမ်နှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်မြဝင်းထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေက ရောင်းဖိုးငွေ အချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ရာ အကျိုးခံစားခွင့်ရှိသူဟု အဆိုရှိသူတို့သည် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ယင်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**လွှဲအပ်ညွှန်ကြားချက်အရ-**
ဒေါ်ခင်ဆွေဝင်း	**ဒေါ်တင်အုန်းမြင့်(စဉ်-၇၃၅၁)**
	တရားရုံးချုပ်ရှေ့နေ

ဦးဘုန်းမြင့်ဝင်း (LL.B)	**ဦးအဏ္ဏဝါစိုး(LL.B)**
အထက်တန်းရှေ့နေ	**အထက်တန်းရှေ့နေ**
(စဉ်-၂၅၁၀၇)	**(စဉ်-၂၄၃၉၂)**

အမှတ်(၂)၊ ပထမထပ်၊ ဘယသုဒ္ဓိလမ်း၊ ကျားကွက်သစ်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၇၀၅၇၇၈၊ ၀၉-၅၁၆၇၃၂၇

EXCELLENT LIFE

Air-Con, Refrigerator & Washing Machine

ရောင်း၊ ဝယ်၊ ပြုပြင်တပ်ဆင်ရေး

(မိုးရာသီအထူး)

Air - Con ဆေးကြောခြင်း (1HP,1.5 HP) 5000 ks

Tel:01-73034087

HP:09-5087764





အကြောင်းကြားစာ

ရန်ကုန်တိုင်းဒေသကြီးတရားရုံး

၂၀၁၀ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၂၁၂

ဦးအောင်ခိုင်မင်း နှင့် ၁။ ဒေါ်စန်းစန်းရီ

၂။ ဒေါ်စန်းစန်းနု

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်(၉)မိုင်၊ ရှမ်းရွာ အမှတ်(၂၃)တွင် နေထိုင်ခဲ့ဖူးသူ (ယခုနေရပ်လိပ်စာမသိသူ) ဒေါ်စန်းစန်းနုသိစေရမည်။

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်း(မြောက်)ရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ် ၂၄ (ပထမ)ထပ် ခြေရင်းခန်းနေ ဦးအောင်ခိုင်မင်းက တရားမကျင့်ထုံးဥပဒေအမိန့် ၂၁၊ နည်း၅၈(၂)အရ လေလံတင်ရောင်းချမှုကို ဆိုင်းငံ့ပြီး ပယ်ဖျက်ပေးရန်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ ၂၀၁၀ခုနှစ်၊ စက်တင်ဘာလ ၁၇ ရက် နံနက် ၉း၃၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ လျှောက်ထားသူ၏ လျှောက်ထားချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရန် ကြော်ငြာစာထုတ်ဆင့်လိုက်သည်။

၂၀၁၀ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **ဇော်ဝင်း**

တွဲဖက်တိုင်းတရားသူကြီး(၁)

ရန်ကုန်တိုင်းဒေသကြီးတရားရုံး

Laptop

ထိရောက်စွာအသုံးပြုနည်းသင်တန်း

(Windows 7, Vista,XP)

Fees-35000/-

Contact

Ph-09-5180413

ရဲယိုသီးဝယ်လိုသည်

ဆက်သွယ်ရန်

ဖုန်း-၅၄၀၀၅၁

၀၉-၅၀၅၀၉၃၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မလိခအိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၀၄)သည်ယခုလက်ရှိ ဒေါ်ခင်သန်းမြင့် အမည်ဖြင့်ရှိသော တိုက်ခန်းဖြစ်ပါသည်။ ဒေါ်ခင်သန်းမြင့်မှ ဒေါ်အေးအေးမွန် [၁၂/အစန(နိုင်)၀၀၀၄၉၁]သို့ တန်ဖိုးသတ်မှတ်ရောင်းချခဲ့ပါသဖြင့် ဒေါ်အေးအေးမွန် [၁၂/အစန(နိုင်)၀၀၀၄၉၁]မှ တိုက်ခန်းပိုင်ဆိုင်မှုအမည်ပြောင်းလဲရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုပါက မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ အိမ်ရာအုပ်ချုပ်ရေးဌာန(ရန်ကုန်)သို့ ကြော်ငြာသည့်နေ့မှ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်သီဟကျော် CDC-61869 ၏ 4 ticket, EDH, W.K, T.K, PSCRB လက်မှတ်မူရင်းများ ခရီးသွားရင်း ပျောက်ဆုံးခဲ့ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။

ဖုန်း-၂၉၆၅၈၇(ရုံး)

ကျေးဇူးဆပ်ပါမည်

ကျွန်မ တင်ထွေးမြင့် [၁၂/ဒဂန(နိုင်)၀၂၂၂၅၃]၏ နိုင်ငံကူးလက်မှတ်အမှတ် A-089560 သည် ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၇၃၀၀၅၅၃၅

ကျေးဇူးဆပ်ပါမည်

ကျွန်တော်သက်နောင်(ဘ)ဦးကျော်ငွေ မှတ်ပုံတင်အမှတ်[၇/ဖမန(နိုင်)၁၀၅၃၆၇]၏ နိုင်ငံကူးလက်မှတ်အမှတ် A-၀၈၃၆၄၃ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၇၂၂၇၈၅**



မီးဘေးကြိုတင်

ကာကွယ်ရေး

စစ်ဆေး

Singapore နိုင်ငံတွင် လစာကောင်းကောင်းရရှိနိုင်သော

(၁) Air-Con Installation Technician

(၂) Air-Con Service Technician

(၃) Air-Con Project Supervisor

(၄) Air-Con Service Engineer များအဖြစ် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအတွက် Air-Con အထူးသင်တန်းများ ဖွင့်လှစ်ထားပါသည်။

AME (Air-Con Service & Training Centre)

5-C ပလတ်စတစ်စက်ရုံဆိုင်ခန်းတွဲ၊ အဝိုင်းကြီးကားမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်

ဖုန်း-(၁)၀၁-၇၃၀၉၀၁၄၂၊ (၂)၀၆၅-၉၈၅၈၀၁၉၉

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သန်လျင်တံတားအိမ်ရာစီမံကိန်းဝင်း အမှတ်(၉၀)၊ အကျယ်အဝန်း ပေ(၄၀×၆၀) မြေကွက်နှင့် (ရေ၊ မီး)အစုံ အကျိုးခံစားခွင့်များကို ဒေါ်ဝင်းကြည်[၁၂/မရက(နိုင်)၀၂၁၂၂၅]ဆိုသူထံမှ ဝယ်ယူရန် ဦးအောင်ထွန်းလင်းမှ စရန်ငွေများပေးချေခဲ့ပြီး ဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်၏အကျိုးခံစားခွင့်အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်တော့်ထံသို့ စာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။ ထိုနေ့ရက်မှကျော်လွန်ခဲ့ပါလျှင် အရောင်းအဝယ်ကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဦးအောင်ထွန်းလင်း**

အမှတ်(၁၃၄)၊ သီတာနွယ်လမ်း၊ နွယ်အေး၊ ဒေါပုံ

ဖုန်း-၇၃၀၆၅၈၅၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂)၊ လူနေရပ်ကွက်အမှတ်(ကံဘဲ့)၊ မြေကွက်အမှတ်-၁၅၆(ခ)၊ ကျောက်ကုန်းလမ်း၊ ရန်ကင်းမြို့နယ်၌ တည်ရှိသည့် အလျား(ပေ၅၀×အနံပေ၁၀၀)ရှိ ဧရိယာ(၀. ၁၁၄၇)ဧကရှိ နှစ် (၆၀) ဂရန်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးခင်မောင်မြင့် [၁၂/တမန(နိုင်)၀၈၄၃၇၀] ကိုင်ဆောင်သူထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေများမှ စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားဖြင့် ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်တင်မိုးဝေ (LL.B,LL.M,D.B.L,D.I.L,D.M.L)

တရားရုံးချုပ်ရှေ့နေ (စဉ်-၇၅၄၀)

ဖုန်း-၀၉-၈၀၂၂၂၂၆

အမှတ်-၇၇(ပ)ထပ်၊ ၃၈လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဩဂုတ် ၂၁ ရက်က မရမ်းကုန်း အလက(၄) ၂၀၀၉-၂၀၁၀ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် စတုတ္ထတန်း၌ ပထမဆုရရှိသော မခင်မိုးမိုးညိမ်းအား ကျောင်းအုပ်ဆရာမကြီး ဒေါ်သိန်းတိုး ဆုချီးမြှင့်စဉ်။ (ပညာရေး)

ပြည်တွင်းအခွန် ကွန်ပျူတာအခြေခံသင်တန်းဆင်း

ရန်ကုန် ဩဂုတ် ၂၈

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန ကွန်ပျူတာ အခြေခံသင်တန်း အမှတ်စဉ်(၁၆) သင်တန်းဆင်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်က ပန်းဆိုးတန်းလမ်းရှိ ပြည်တွင်းအခွန်များဦးစီးဌာန သင်တန်းခန်းမ၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား) ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်ထွန်း တက်ရောက်၍ သင်တန်းဆင်း အမှာစကားပြောကြားပြီး **(အောက်ယာပုံ)** သင်တန်းတွင် ဆုရရှိသော သင်တန်းသား၊ သင်တန်းသူများအား ဆုများ ချီးမြှင့်ပေးသည်။

အဆိုပါ သင်တန်းဆင်းပွဲသို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ လက်ထောက် ညွှန်ကြားရေးမှူးများ၊ သင်တန်းနည်းပြဆရာ၊ဆရာမများနှင့်သင်တန်းသား၊သင်တန်းသူ ၄၀ တို့တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်ခဲ့ကြောင်းသိရသည်။ (ကြေးမုံ)

ကြို့ပင်ကောက် ဩဂုတ် ၂၈

ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း လုံခြုံရေးနှင့် မီးဘေးကာကွယ်ရေးပစ္စည်းများ အသင့်အသုံးပြုနိုင်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေကို ဈေးမိဈေးဖများနှင့် အတူ လက်ထောက်အင်ဂျင်နီယာနှင့် အမှုဆောင်အရာရှိ ဦးဇေယျာညိုတို့ ကြီးကြပ်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

(ကြေးမုံ)

(၂)နှစ်ပြည့်အလွမ်း

ဦးကျော်မင်း

ရွှေမင်းသားဗီဒီယိုထုတ်လုပ်ဖြန့်ချိရေး

(၂၉-၈-၂၀၀၈ ရက် မှ ၂၉-၈-၂၀၁၀ ရက်)

မိသားစုအပေါ် တာဝန်ကျေပြီး ကျေးဇူးကြီးမားသော ဦးကျော်မင်း မမျှော်လင့်ဘဲ ခွဲခွာသွားတာ (၂)နှစ်ပြည့်ပြီနော်။ တစ်နေ့တစ်ရက်မှ မေ့မရနိုင်ပါ။ မနက်ဖြန်ဆိုတာ ရှိနေသရွေ့ ကောင်းမှုတွေ ပြုပေးနေမှာပါ။ ဦးကျော်မင်းရဲ့ အတိတ်သဏ္ဌာန်ပုံရိပ်တွေ အမြဲမြင်ယောင်နေဆဲမို့ လွမ်းလို့မပြေနိုင်ပါ။ ဘဝဆက်တိုင်း ပြန်ဆုံပါရစေလို့ တမ်းတ ဆုတောင်းရင်း အမျှပေးဝေပါတယ်။

ချစ်ဇနီး - ချို

သား - မင်းသစ္စာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂၊ မြေကွက်အမှတ် ၅/ယ-၁၊ မြေကွက်တည်နေရာအမှတ်(၂)၊ ၆မိုင် ပြည်လမ်း၊ ၁၀ရပ်ကွက်၊ လှိုင်မြို့နယ်(ဒေါ်တင်လှ)အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် မိခင် ဒေါ်တင်လှနှင့် ဖခင်ဦးဘိုးဆိုင်ကွယ်လွန်သဖြင့် ဒေါ်အေးမြင့် [၁၂/မရက(နိုင်)၀၆၉၇၅၇]၊ ဦးသိန်းလွင် [၁၂/မရက(နိုင်)၀၁၉၅၁၅]၊ ဦးစိုးတင် [၁၂/မရက(နိုင်)၀၆၅၇၄၈]၊ ဦးကြည်ဝင်း [၁၂/ဗဟန(နိုင်)၀၄၅၃၈၁]၊ ဒေါ်ခင်ညိမ်း [၁၂/မရက(နိုင်)၀၆၉၇၅၆]၊ ဒေါ်သိန်းသိန်းအေး [၁၂/မရက(နိုင်)၀၆၉၇၈၆]၊ ဒေါ်တင်တင်ဌေး (ခ) ဌေးဌေးဆိုင်[၁၂/မရက(နိုင်)၀၅၈၂၃၃]၊ ဦးမြင့်ဆွေ[၁၂/ မရက(နိုင်) ၀၇၁၃၀၇] တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် လ/၂၁၁၃ Toyota Corolla KE-74 S/W(4x2)R ယာဉ် လက်ဝယ်ရှိသူအမည် ဦးစံလှ မှတ်ပုံတင်အမှတ်[၉/မနမ(နိုင်)၁၀၂၁၇၉]မှ ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၁၅) ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၁ ကံဘဲ့၊ မြေကွက်အမှတ် ၁/စ^၁၊ မြေကွက်တည်နေရာအမှတ် (၁၉)၊ သီရိရတနာလမ်း၊ မိချောင်းကန် အပိုင်း(၃) (ဒေါ်ရင်ရင်မေ) အမည်ပေါက် မြေပိုင်မြေအား အမည်ပေါက် ဒေါ်ရင်ရင်မေ ကွယ်လွန်သဖြင့် ဦးမောင်မောင်ကြီး[၁၂/ဥကတ(နိုင်)၀၆၃၉၄၂]က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး
ကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁(ကံဘဲ့)၊ မြေကွက်အမှတ်-၄၉/ခ၊ ဧရိယာ(၀. ၀၈၆)ဧကရှိ နှစ် (၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်-၂၆၊ ရတနာလမ်း၊ ရန်ကင်းမြို့နယ်ဟု ခေါ်တွင်သည့် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးဌေးလှိုင်[၁၂/သဃက(နိုင်) ၀၁၃၂၄၉]နှင့် ဒေါ်အေးအေးသော် [၁၂/သဃက(နိုင်)၀၁၃၇၃၇]တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် နှစ်ဦးနှစ်ဖက်သဘောတူထားပြီးဖြစ်ပါသည်။ အထက်ပါပစ္စည်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများသည် ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားများနှင့်တကွ ယခုကြော်ငြာသည့်နေ့မှ(၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက အထက်ပါပစ္စည်း၏တရားဝင်အရောင်းအဝယ်ကိစ္စကို အပြီးအပြတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်ထွန်း(စဉ်-၃၅၅၇) B.A(Law),LL.B

ဒေါ်ကြည်ကြည်ဌေး(စဉ်-၂၃၆၇) B.A(Law),LL.B

တရားရုံးချုပ်ရှေ့နေများ

တိုက်(၃၁၅)၊ အခန်း(၆)၊ ရန်အောင်လမ်းသွယ်(၃)၊ ရန်ကင်းမြို့နယ်။

ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀-၁၅၂၃၄၊ ၀၉-၅၀-၃၁၂၃၄

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

ရန်ကုန်တိုင်းဒေသကြီးတရားရုံး

၂၀၁၀ခုနှစ်၊ တရားမကြီးမှုအမှတ်-၇၅၈

ဒေါ်သက်သက်ခိုင်	နှင့်	ဦးခင်မောင်ထွေး
အမှတ်(၅၃၁)(အိပ်ချ်)		အမှတ်(၅၃၁)(အိပ်ချ်)
မာလာမြိုင်ရိပ်သာ၊		မာလာမြိုင်ရိပ်သာ၊
အမှတ်(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်		အမှတ်(၈)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊
ရန်ကုန်မြို့။		ရန်ကုန်မြို့။
(တရားလို)		**(တရားပြိုင်)**

တရားပြိုင်ဦးခင်မောင်ထွေး(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်တရားလိုက လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှုနှင့် ပစ္စည်းခွဲဝေပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်အလက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ၊ ၂၀၁၀ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက် (၁၃၇၂ခုနှစ်၊ တော်သလင်းလဆန်း ၁၂ ရက်)နေ့မွန်းမတည့်မီ နံနက် (၉း၃၀)နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။

၎င်းအပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့်သင်ကထုချေတင်ပြလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်ကတင်ရမည်။

၂၀၁၀ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်တွင်ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။ **(လှလှရီ)**

တွဲဖက်တိုင်းတရားသူကြီး(၄)

ရန်ကုန်တိုင်းဒေသကြီးတရားရုံး

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့သဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

ကျွဲရှင်းတံတားလေးလမ်းသွား အသစ်တည်ဆောက်ရေးလုပ်ငန်းနှင့် နေပြည်တော်-တောင်ညို-မြို့သစ်-ကန်ပြား(မကွေး)ကားလမ်းအသစ်

ဝန်ကြီး ဦးခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၈

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၂၇ ရက် နံနက်ပိုင်းတွင် မော်တော်ယာဉ်ဖြင့် နေပြည်တော်မှ ထွက်ခွာလာပြီး နေပြည်တော် မိုင်တိုင်အမှတ်(၁၂/၀)မှ(၁၇/၄)အထိ ငါးမိုင် လေးဖာလုံအား နေပြည်တော်ခရိုင်၊ ကျောက်ဆည်ခရိုင်နှင့် လမ်းဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၅)တို့က စက်ယန္တရားများဖြင့် လေးလမ်းသွား တိုးချဲ့ခြင်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို လမ်းတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျွဲရှင်းတံတား တည်ဆောက်ရေးလုပ်ငန်းခွင် ရှင်းလင်းဆောင်သို့ ရောက်ရှိရာ တံတားတည်ဆောက်ရေးစီမံကိန်း အထူးအဖွဲ့(၃)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းအောင်က ကျွဲရှင်းတံတား လေးလမ်းသွား အသစ်တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လည်းကောင်း၊ နေပြည်တော် - ကျွဲရှင်းလမ်းအပိုင်း ငါးမိုင် လေးဖာလုံကို လမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေသော ခရိုင်အဖွဲ့နှစ်ဖွဲ့နှင့် အထူးအဖွဲ့တစ်ဖွဲ့ စုစုပေါင်းအဖွဲ့ သုံးဖွဲ့တို့မှ တာဝန်ရှိသူများက လမ်းတိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အမြန်ဆုံး ပြီးစီးရေးအတွက် နေ့ညမပြတ် ဆောင်ရွက်ရန်၊ သတ်မှတ်စံချိန် စံညွှန်းပြည့်မီအောင် စနစ်တကျ ဆောင်ရွက်ရန်တို့ကို မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကျွဲရှင်းတံတား တည်ဆောက်ရေးလုပ်ငန်း အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်-တောင်ညို - မြို့သစ် - ကန်ပြား (မကွေး)ကားလမ်းသစ် မိုင်တိုင်

စာမျက်နှာ ၁၀ ကော်လံ ၅ သို့ ❖

ကျွဲရှင်းတံတား

ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်မြင့် ကျွဲရှင်းတံတားလေးလမ်းသွား အသစ်တည်ဆောက်ရေးလုပ်ငန်းကို ကြည့်ရှုစစ်ဆေးစဉ်။

(ဆောက်လုပ်ရေး)



မှတ်သားဖွယ်ရာ မိုးရေချိန်များ (၂၈-၈-၂၀၁၀)

နေပြည်တော်(ရေဆင်း) ၃ ဒသမ ၃၅ လက်မ	ကော့ကရိတ် ၃ ဒသမ ၆၂ လက်မ
ပျဉ်းမနား ၃ ဒသမ ၁၁ လက်မ	ကျောက်တော် ၃ ဒသမ ၄၂ လက်မ
ခန္တီး ၄ ဒသမ ၉၆ လက်မ	မုဒုံ ၃ ဒသမ ၀၃ လက်မ